# မြန်မာ့အလင်း

၁၉၁၄ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၇၃ ခုနှစ်၊ ပြာသိုလဆန်း ၁၁ ရက်၊ ၂၀၁၂ ခုနှစ်၊ ဇန်နဝါရီ ၄ ရက်၊ ဗုဒ္ဓဟူးနေ့၊ အတွဲ (၅၁)၊ အမှတ် (၉၆)


## ပြည်သူတစ်ရပ်လုံး ပူးပေါင်းပါဝင်

ယနေ့အချိန်အခါတွင် အင်အားကြီးမားသောသူတို့က အင်အားနည်းသောသူတို့ကို လွှမ်းမိုးချုပ်ကိုင်နိုင်ရန် နည်းလမ်းအမျိုးမျိုးဖြင့် ကြိုးပမ်းလျက်ရှိသည်ကို ပြည်ထောင်စုဖွားတိုင်းရင်းသားအားလုံးက အထူးသတိပြုရမည်ဖြစ်ပေသည်။ လွတ်လပ်ရေး၊ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးတို့အတွက် မြန်မာပြည်သူတစ်ရပ်လုံးက ပူးပေါင်းပါဝင်ကြရန် လိုအပ်ပေသည်။ မြန်မာပြည်သူများကသာ မြန်မာနိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်မှု၊ မြန်မာနိုင်ငံ၏ သာယာလှပမှုတို့ကို ဖန်တီးပေးနိုင်သူများဖြစ်ကြသည်။တိုင်းရင်းသားအချင်းချင်း စည်းလုံးညီညွတ်မှုပြိုကွဲလျှင် တိုင်းတစ်ပါးသားတို့၏ လွှမ်းမိုးချုပ်ကိုင်မှုအောက်သို့ ပြန်လည်ကျရောက်နိုင်သည်ကို သတိပြုသင့်ပေသည်။ ထို့ကြောင့် ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး၊ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးတို့အတွက် တိုင်းရင်းသားပြည်သူအားလုံးက စုပေါင်းထိန်းသိမ်းကာကွယ်ကြရန် အထူးလိုအပ်လှပေသည်။

[နိုင်ငံတော်သမ္မတ ဦးသိန်းစိန်
၂၀၁၂ ခုနှစ်၊ (၆၄)နှစ်မြောက် လွတ်လပ်ရေးနေ့အခမ်းအနားသို့
ပေးပို့သောသဝဏ်လွှာမှ ကောက်နုတ်ချက်]

# ပြည်ထောင်စု မပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး၊ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးတို့အတွက် ပြည်သူတစ်ရပ်လုံး နိုင်ငံရေးသတိကြီးစွာ ထိန်းသိမ်းကာကွယ်

နေပြည်တော် ဇန်နဝါရီ ၄

**နိုင်ငံတော်သမ္မတ အဂ္ဂမဟာ သရေစည်သူ၊ အဂ္ဂမဟာသီရိသုဓမ္မ ဦးသိန်းစိန်ထံမှ (၆၄)နှစ်မြောက် လွတ်လပ်ရေးနေ့အခမ်းအနားသို့ ပေးပို့သည့် သဝဏ်လွှာအပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်သည် -**

**လေးစားချစ်ခင်ရပါသော ပြည်ထောင်စုဖွား တိုင်းရင်းသားပြည်သူအပေါင်းတို့ခင်ဗျား -**

ယနေ့သည် မြန်မာတစ်မျိုးသားလုံးအတွက် ထူးခြားမွန်မြတ်သည့် (၆၄)နှစ်မြောက် လွတ်လပ်ရေးနေ့ဖြစ်ပါသည်။ ပြည်ထောင်စုဖွားတိုင်းရင်းသားတို့ မျှော်လင့်တောင့်တနေသည့် လွတ်လပ်ပြီး တရားမျှတသည့် ဒီမိုကရေစီနိုင်ငံတော်သစ်ကြီးဆီသို့ ဦးတည်ချီတက်နေသည့် အချိန်အခါနှင့် တိုက်ဆိုင်နေခြင်းသည် ထူးခြားသည့် ဝိသေသဟု ဆိုရမည်ဖြစ်ပေသည်။ တိုင်းရင်းသားအားလုံး စည်းလုံးညီညွတ်စွာဖြင့် အသက်၊ သွေး၊ ချွေး ရင်း၍ မြင့်မြတ်သောစိတ်ဓာတ်ဖြင့် လွတ်လပ်ရေးကို အရယူခဲ့သည့်အတွက် ဤကဲ့သို့ လွတ်လပ်ရေးပန်းတိုင်ကို ဆွတ်ခူးနိုင်ခဲ့ခြင်းဖြစ်ပေသည်။ ထို့ကြောင့် (၆၄)နှစ်မြောက် လွတ်လပ်ရေးနေ့ကို မြင့်မြတ်သော နေ့ထူးနေ့မြတ်အဖြစ် ပြည်သူအားလုံးက တစ်စိတ်တစ်ဝမ်းတည်း သတ်မှတ်ရမည်ဖြစ်ပေသည်။ ဤသို့သော ဂုဏ်ထူးဝိသေသများဖြင့် ပြည့်စုံသည့် လွတ်လပ်ရေးနေ့ အချိန်အခါတွင် ပြည်ထောင်စုဖွား တိုင်းရင်းသားပြည်သူအားလုံးသည် ဘေးဘယာဝေးကွာပြီး ကိုယ်စိတ်နှစ်ပါး ကျန်းမာချမ်းသာစေကြောင်း ဆုမွန်ကောင်းတောင်းရင်း နှုတ်ခွန်းဆက်သအပ်ပါသည်။

မြန်မာတိုင်းရင်းသားတို့သည် ရိုးသားပွင့်လင်းကြပြီး မြန်မာနိုင်ငံအတွင်းတွင် ငြိမ်းငြိမ်းချမ်းချမ်းဖြင့် လုပ်ကိုင်စားသောက်နေထိုင်ခဲ့ကြသူများဖြစ်ပေသည်။ ဘာသာတရားနှင့် ယဉ်ကျေးမှုကိုလည်း အစဉ်အမြဲလေးစားပြီး အချင်းချင်း ရိုင်းပင်းကူညီတတ်သူများလည်း ဖြစ်ပေသည်။ တိုင်းရင်းသားအချင်းချင်း တစ်ဦး၏ယဉ်ကျေးမှုဓလေ့ထုံးစံကို တစ်ဦးက ရိုသေလေးစားပြီး ချစ်ချစ်ခင်ခင်ရင်းရင်းနှီးနှီး နေထိုင်ခဲ့ကြသူများ ဖြစ်သည်။ သို့သော် ကိုလိုနီစနစ်ဆိုး၏ လွှမ်းမိုးမှုခံရခြင်း၊ ကိုလိုနီနယ်ချဲ့တို့၏ ကျူးကျော်နယ်ချဲ့ခြင်းတို့ကို ပြည်ထောင်စုဖွား တိုင်းရင်းသားအားလုံး ခံခဲ့ကြရပေသည်။ နယ်ချဲ့လိုမှု၊ လူမျိုးကြီးဝါဒဖြင့် လွှမ်းမိုးလိုမှုကြောင့် ၁၈၂၄ ခုနှစ်မှ ၁၈၈၅ ခုနှစ်အတွင်း ကျူးကျော်စစ် (၃)ကြိမ်ဆင်နွှဲကာ နယ်ချဲ့အင်္ဂလိပ်တို့သည် မြန်မာနိုင်ငံ၏ အချုပ်အခြာအာဏာကို သိမ်းပိုက်ခဲ့ကြသည်။ ပြည်ထောင်စုဖွား တိုင်းရင်းသားအသီးသီးတို့က ရရာလက်နက်ကိုဆွဲ၍ ရှိသမျှလူအင်အားကိုစုပြီး နယ်ချဲ့ကိုတွန်းလှန်ခဲ့သော်လည်း အင်အားချင်းမညီမျှသည့်အတွက် အရှုံးပေးခဲ့ရပြီး မြန်မာတစ်မျိုးသားလုံး ကိုလိုနီသို့ကျွန်ဘဝသို့ ရောက်ရှိခဲ့ရပေသည်။ နယ်ချဲ့တို့က မြန်မာနိုင်ငံကို သိမ်းပိုက်ပြီး မြန်မာလူမျိုးတို့အား သူ့ကျွန်ဘဝသို့ရောက်ရှိစေရန် စနစ်တကျ စီမံအုပ်ချုပ်ခဲ့ကြသည်။ မြေပေါ်မြေအောက်သယံဇာတတို့ကို နည်းအမျိုးမျိုးဖြင့် သိမ်းပိုက်ခဲ့ကြသည်။ မြန်မာလူမျိုးတို့၏ ဘာသာတရား၊ ယဉ်ကျေးမှုဓလေ့ထုံးစံ၊ စာပေနှင့်ယဉ်ကျေးမှုတို့ကိုလည်း ပျက်ပြားသွားသည်အထိ နည်းအမျိုးမျိုးဖြင့် စီမံအုပ်ချုပ်ခဲ့ကြပေသည်။ ထို့ပြင် တိုင်းရင်းသားအချင်းချင်း သွေးစည်းညီညွတ်မှုပျက်ပြားအောင် နယ်ချဲ့တို့က တောင်ပေါ်နှင့် မြေပြန့်ဟူ၍ သွေးခွဲအုပ်ချုပ်ခဲ့ပြီး တိုင်းရင်းသားအချင်းချင်း သံသယဖြစ်အောင် ဖန်တီးခဲ့ကြသည်။

**လေးစားချစ်ခင်ရပါသော ပြည်ထောင်စုဖွား တိုင်းရင်းသားပြည်သူအပေါင်းတို့ခင်ဗျား -**

နယ်ချဲ့လက်အောက်တွင် မြန်မာတိုင်းရင်းသားပြည်သူအပေါင်းတို့ အနေအစားဆင်းဆင်းရဲရဲဖြင့် နေခဲ့ကြရပေသည်။ ကိုလိုနီနယ်ချဲ့တို့၏ စည်းရုံးမှုကြောင့် ကျွန်ပညာရေးစနစ်ပေါ်ပေါက်ခဲ့ပြီး သခင်အားရ ကျွန်ပါးဝဆိုသည့်အတိုင်း ကျွန်သက်ရှည်စေချင်သူများလည်း ပေါ်ပေါက်ခဲ့ပေသည်။ သို့သော် ထက်မြက်သော မျိုးချစ်လူငယ်များ၏ နိုင်ငံရေးအသိအမြင်ကြွယ်ဝမှု၊ တိုင်းရင်းသားအချင်းချင်း စည်းလုံးညီညွတ်မှု၊ တောင်သူလယ်သမား၊ အလုပ်သမားပြည်သူလူထု စုပေါင်းအင်အားကြီးထွားလာမှု၊ သူ့ကျွန်မခံလိုသည့် တော်လှန်ရေးစိတ်ဓာတ် ပြင်းပြမှုတို့ကြောင့် နယ်ချဲ့ကို တွန်းလှန်တိုက်ခိုက်ခဲ့ကြပေသည်။

ဗိုလ်ချုပ်အောင်ဆန်း ခေါင်းဆောင်သည့် ပညာတတ်လူငယ်များက မိမိအသက်ကိုစွန့်ပြီး ရဲရင့်တက်ကြွစွာဖြင့် ပြည်သူ့တပ်မတော်ကြီးကို တိုင်းရင်းသားအားလုံး ပါဝင်လာအောင် စည်းရုံးထူထောင်နိုင်ခဲ့ပေသည်။ ပြည်သူ့တပ်မတော်အင်အားဖြင့် နယ်ချဲ့ကိုလိုနီတို့ကို မောင်းထုတ်နိုင်ခဲ့သော်လည်း လွတ်လပ်ရေး ကြိုးပမ်းမှုကာလတွင် ဖက်ဆစ်စနစ်၏ အရှိန်ပြင်းစွာဖြင့် ထိုးဖောက်ဝင်ရောက်လာမှုကိုလည်း မြန်မာပြည်သူတို့ ခါးစည်းခံခဲ့ရပေသည်။ ပြည်သူနှင့်တပ်မတော် လက်တွဲပြီး ဖက်ဆစ်တို့ကို တွန်းလှန်ခဲ့ကြရပါသည်။ ဖက်ဆစ်တို့ကို မြန်မာမြေမှ မောင်းထုတ်ပြီးနောက် နယ်ချဲ့အစိုးရသည် မြန်မာနိုင်ငံသို့ ပြန်လည်ဝင်လာသည့်အခါတွင်လည်း ဗိုလ်ချုပ်အောင်ဆန်းနှင့်တကွ မြန်မာခေါင်းဆောင်ကြီးများသည် လွတ်လပ်ရေးအတွက် နိုင်ငံရေးနည်းလမ်းဖြင့် တိုက်ပွဲဝင်ခဲ့ကြရပေသည်။ လွတ်လပ်ရေးကို ပြည်သူတစ်ရပ်လုံးက အပြည့်အဝ ရရှိခံစားနိုင်ရေးအတွက် တောင်ပေါ်မြေပြန့်မခွဲခြားဘဲ တိုင်းရင်းသားအားလုံး စည်းလုံးညီညွတ်စွာဖြင့် စုပေါင်းညီနှိုင်းကာ တိုက်ပွဲဝင်ခဲ့ကြပေသည်။ သို့အတွက်ကြောင့် တိုင်းရင်းသားပြည်သူအပေါင်းတို့၏ ကာယအား၊ ဉာဏအား၊ စုပေါင်းအားတို့အပြင် အသက်၊ သွေး၊ ချွေးတို့ကိုရင်း၍ ဝိုင်းဝန်းကြိုးပမ်းခဲ့ကြသည့်အတွက် ပြည်ထောင်စုမြန်မာနိုင်ငံတော်ကြီးသည် ၁၉၄၈ ခုနှစ်၊ ဇန်နဝါရီလ ၄ ရက်နေ့တွင် လွတ်လပ်သော၊ အချုပ်အခြာအာဏာပိုင်သော နိုင်ငံတော်ကြီးအဖြစ်သို့ ရောက်ရှိခဲ့ရာ ယခုဆိုလျှင် (၆၄)နှစ်တိုင်တိုင်ရှိခဲ့ပေပြီ။ လွတ်လပ်ရေး၊ အချုပ်အခြာအာဏာ ပြန်လည်ရရှိရေးတို့အတွက် ပေးဆပ်ခဲ့ရသော ပြည်သူတို့၏ အသက်၊ သွေး၊ ချွေးတို့မှာလည်း များစွာကြီးမားလှပေသည်။ ယနေ့အချိန်အခါတွင် အင်အားကြီးမားသောသူတို့က အင်အားနည်းသောသူတို့ကို လွှမ်းမိုးချုပ်ကိုင်နိုင်ရန် နည်းလမ်းအမျိုးမျိုးဖြင့် ကြိုးပမ်းလျက်ရှိသည်ကို ပြည်ထောင်စုဖွား တိုင်းရင်းသားအားလုံးက အထူးသတိပြုရမည် ဖြစ်ပေသည်။လွတ်လပ်ရေး၊ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးတို့အတွက် မြန်မာပြည်သူတစ်ရပ်လုံးက ပူးပေါင်းပါဝင်ကြရန် လိုအပ်ပေသည်။ မြန်မာပြည်သူများကသာ မြန်မာနိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်မှု၊ မြန်မာနိုင်ငံ၏ သာယာလှပမှုတို့ကို ဖန်တီးပေးနိုင်သူများဖြစ်ကြသည်။ တိုင်းရင်းသားအချင်းချင်း စည်းလုံးညီညွတ်မှုပြိုကွဲလျှင် တိုင်းတစ်ပါးသားတို့၏ လွှမ်းမိုးချုပ်ကိုင်မှုအောက်သို့ ပြန်လည်ကျရောက်နိုင်သည်ကို သတိပြုသင့်ပေသည်။ ထို့ကြောင့် ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး၊ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးတို့အတွက် တိုင်းရင်းသားပြည်သူအားလုံးက စုပေါင်းထိန်းသိမ်းကာကွယ်ကြရန် အထူးလိုအပ်လှပေသည်။

**လေးစားချစ်ခင်ရပါသော ပြည်ထောင်စုဖွား တိုင်းရင်းသားပြည်သူအပေါင်းတို့ခင်ဗျား -**

မြန်မာပြည်သူတို့ ကိုလိုနီနယ်ချဲ့လက်အောက်က လွတ်မြောက်ဖို့အတွက် တိုင်းရင်းသားအားလုံး သွေးစည်းညီညွတ်စွာဖြင့် အသက်ပေးပြီး လွတ်လပ်ရေးကို ရယူခဲ့သော်လည်း လွတ်လပ်ရေးရပြီးနောက်ပိုင်းတွင် တိုင်းပြည်ကို ပြန်လည်ထူထောင်ရမည့်အစား ဝါဒစွဲ၊ ဂိုဏ်းဂဏစွဲ၊ လူမျိုးစွဲတွေကြောင့် လက်နက်စွဲကိုင်ပြီး တိုင်းရင်းသား အချင်းချင်း သွေးချောင်းစီးတိုက်ပွဲတွေ ဖြစ်ပေါ်ခဲ့ရပေသည်။ တိုင်းရင်းသားပြည်သူတို့လည်း ဒုက္ခပင်လယ်ဝေခဲ့ကြပေသည်။ ဤသို့ စက်ဆုပ်ဖွယ်ကောင်းသည့် အခြေအနေဆိုးနှင့် တိုင်းပြည်ပြိုကွဲတော့မည့် အခြေအနေဆိုးတို့ကို ကြုံသည့်အခါတိုင်း ပြည်သူ့တပ်မတော်က တိုင်းပြည်ကို အကြိမ်ကြိမ်ကယ်တင်ပြီး ကာကွယ်စောင့်ရှောက်ခဲ့ပေသည်။ ၁၉၈၈ ခုနှစ်တွင် ဖြစ်ပွားခဲ့သည့် အခြေအနေဆိုးတွေကြောင့် အဘက်ဘက်က ယိုယွင်းပျက်စီးနေသည့် နိုင်ငံတော်ကြီး အသစ်ပြန်လည်တည်ဆောက်ကာ အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော ဒီမိုကရေစီနိုင်ငံတော်သစ်ကြီးသို့ ရောက်ရှိအောင် ပြည်သူ့တပ်မတော်က ဦးဆောင်လမ်းညွှန်အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ပြီးဖြစ်ပေသည်။ အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော ဒီမိုကရေစီနိုင်ငံတော်သစ်ကြီးဖြစ်ပေါ်ရေးအတွက် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးအခြေခံကောင်းများကို ဘက်စုံ၊ ကဏ္ဍစုံမှ တည်ဆောက်ပေးခဲ့သည်။ နိုင်ငံရေးအရလည်း ပြည်တွင်းငြိမ်းချမ်းမှုကို ဆောင်ရွက်ပေးခဲ့သည်။ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းတို့ကိုလည်း ပြည်သူ့ရင်ခွင်သို့ရောက်အောင် ပို့ဆောင်ပေးခဲ့သည်။ နိုင်ငံတော်ရှေ့ဆက်သွားမည့် လမ်းစဉ်(၇)ရပ်ကို ချမှတ်ပြီး ပါတီစုံဒီမိုကရေစီစနစ်ကို ကျင့်သုံးနိုင်ရန်အတွက် အခြေခံဥပဒေရေးဆွဲခြင်း၊ ပြည်သူ့ဆန္ဒခံယူပွဲကျင်းပခြင်း၊ အခြေခံဥပဒေအတည်ပြုခြင်း၊ အထွေထွေရွေးကောက်ပွဲကျင်းပခြင်း၊ ပြည်သူ့ကိုယ်စားလှယ်များဖြင့် ပြည်သူ့လွှတ်တော်အဆင့်ဆင့် ခေါ်ယူကျင်းပခြင်း၊ ပြည်သူက ရွေးချယ်တင်မြှောက်သော ကိုယ်စားလှယ်များဖြင့် အစိုးရအဖွဲ့ ဖွဲ့စည်းခြင်းတို့ကို အဆင့်ဆင့်ပြုလုပ်နိုင်ခဲ့ပေသည်။ ဤသို့ အဆင့်ဆင့် ကြိုးပမ်းခဲ့သည့်အတွက် ယနေ့အချိန်အခါတွင် ပြည်သူ့အစိုးရအဖွဲ့သစ်တစ်ခု ပေါ်ပေါက်လာပြီဖြစ်ပါသည်။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ကြီးသည်လည်း ပါတီစုံဒီမိုကရေစီစနစ်ဖြင့် ချီတက်လျက် ပြောင်းလဲတိုးတက်နေသည့် အခြေအနေတို့ကို ပြည်သူတို့အသိပင် ဖြစ်ပေသည်။

**လေးစားချစ်ခင်ရပါသော ပြည်ထောင်စုဖွား တိုင်းရင်းသားပြည်သူအပေါင်းတို့ခင်ဗျား -**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ကို ခေတ်မီဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ရာတွင် ပြည်သူတို့၏ အခန်းကဏ္ဍသည် အခြေခံကျပြီး နိုင်ငံရေးအင်အား၊ စီးပွားရေးအင်အား၊ နိုင်ငံတော်ကာကွယ်ရေးအင်အားတို့ တောင့်တင်းခိုင်မာဖို့လည်း အထူးလိုအပ်လှပေသည်။ နိုင်ငံရေးအင်အားဆိုသည်မှာ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပင်ဖြစ်ပေသည်။ တိုင်းရင်းသားအချင်းချင်း စည်းလုံးညီညွတ်ပြီး တိုင်းပြည်ငြိမ်းချမ်းမှသာ ဒီမိုကရေစီစနစ်ကို ကျင့်သုံးအကောင်အထည်ဖော် ဆောင်ရွက်နိုင်မည်ဖြစ်ပေသည်။ ဒီမိုကရေစီစနစ်ကျင့်သုံးပြီး တိုင်းပြည်ဖွံ့ဖြိုးတိုးတက်မှသာ တိုင်းရင်းသားပြည်သူတို့၏ လူမှုစီးပွားရေးဘဝမှာလည်း တိုးတက်မြင့်မားလာမည် ဖြစ်ပေသည်။ သို့အတွက်ကြောင့် တိုင်းရင်းသားစည်းလုံးညီညွတ်ရေးသည် အထူးလိုအပ်လှသည်ကို ပြည်သူအားလုံးက သတိပြုသင့်ပေသည်။

စီးပွားရေးအင်အား တောင့်တင်းဖို့အတွက် ပြည်သူတို့၏ ပူးပေါင်းပါဝင်မှု လိုအပ်ပေသည်။ စိုက်ပျိုးရေးကိုဆက်လက်၍ ဖွံ့ဖြိုးတိုးတက်အောင် ကြိုးစားဆောင်ရွက်ပြီး စက်မှုနိုင်ငံထူထောင်ရေးအတွက် စက်မှုဇုန်များ ဖော်ထုတ်၍ နိုင်ငံခြားအရင်းအနှီးမြှုပ်နှံမှုကို ဖိတ်ခေါ်ကာ ကြိုးစားလျက်ရှိပေသည်။ အသိပညာရှင်၊ အတတ်ပညာရှင်၊ လူသားအရင်းအမြစ်တွေကို အသုံးချပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော်သစ်ကြီးဖော်ဆောင်ဖို့အတွက် ဦးတည်ကြိုးပမ်းလျက်ရှိပါသည်။

စီးပွားရေးကဏ္ဍတွင် ဈေးကွက်စီးပွားရေးစနစ် ပေါ်ပေါက်ရေးအတွက် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ ကျန်းမာသန်စွမ်းပြီး စွမ်းရည်ထက်မြက်သည့် အသိပညာရှင်၊ အတတ်ပညာရှင်များစွာ လိုအပ်ပေသည်။ သို့အတွက်ကြောင့် အနာဂတ်နိုင်ငံတော်အတွက် လူ့စွမ်းအားအရင်းအမြစ်များ ကောင်းမွန်စွာ အသုံးပြုနိုင်ရေးအတွက် ပညာရေးကဏ္ဍနှင့် ကျန်းမာရေးကဏ္ဍကိုလည်း တိုးတက်ဖွံ့ဖြိုးအောင် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပေသည်။

နိုင်ငံတော်ကာကွယ်ရေးအတွက် ကမ္ဘာ့အဆင့်မီ တပ်မတော်တစ်ရပ်ရှိဖို့ လိုအပ်ပေသည်။ အင်အားတောင့်တင်းပြီး စွမ်းရည်ထက်မြက်ကာ မျိုးချစ်စိတ် ထက်သန်သည့် ပြည်သူ့တပ်မတော်ကို ဖွဲ့စည်းရာတွင် ပြည်သူတစ်ရပ်လုံး ပါဝင်လာဖို့ လိုအပ်လှပေသည်။

**လေးစားချစ်ခင်ရပါသော ပြည်ထောင်စုဖွား တိုင်းရင်းသားပြည်သူအပေါင်းတို့ခင်ဗျား -**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ကို ခေတ်မီဖွံ့ဖြိုးတိုးတက်သော ဒီမိုကရေစီနိုင်ငံတော်သစ်ကြီးအဖြစ် တည်ဆောက်ရာတွင် တိုင်းရင်းသားပြည်သူအားလုံး၏ စည်းလုံးညီညွတ်မှု၊ ပူးပေါင်းပါဝင်မှုတို့ လိုအပ်လှပေသည်။ တိုင်းရင်းသားအချင်းချင်း သွေးစည်းညီညွတ်မှုမရှိဘဲ ပြိုကွဲခဲ့ပါက မိမိတို့ရည်မှန်းချက်ပန်းတိုင်ဖြစ်သည့် ဒီမိုကရေစီနိုင်ငံတော်သစ်ကြီးဆီသို့ လျှောက်လှမ်းနိုင်မည်မဟုတ်ပေ။ သို့အတွက်ကြောင့် ပြည်ထောင်စုသမ္မတနိုင်ငံတော်ကြီး တည်ထောင်ရာတွင် ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး၊ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးဟူသည့် လွတ်လပ်ရေး၏အနှစ်သာရတို့ကို မပျောက်ပျက်သွားအောင် ပြည်သူတစ်ရပ်လုံးက နိုင်ငံရေးသတိကြီးစွာဖြင့် ထိန်းသိမ်းကာကွယ်သွားကြပါစို့ဟု တိုက်တွန်းနှိုးဆော်လိုက်ပါသည်။ ။

## ၂၀၁၂ ခုနှစ်၊ (၆၄) နှစ်မြောက် လွတ်လပ်ရေးနေ့ကို ဂုဏ်ပြုပါ၏။

မြန်မာ့အလင်း

## အယ်ဒီတာ့ အာဘော်

(၂၀၁၂ ခုနှစ် ဇန်နဝါရီ ၄ ရက်)

# လွတ်လပ်ခြင်းနှင့် စည်းလုံးညီညွတ်ခြင်း

ယနေ့သည်ကား ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ (၆၄)နှစ်မြောက် လွတ်လပ်ရေးနေ့ အခါသမယ ဖြစ်သည်။ ဤနေ့ ဤအချိန်ခါသည် ကိုလိုနီနယ်ချဲ့တို့ကို အမြစ်မှတွန်းလှန်ကာ နယ်ချဲ့အလံ မြေမှာခစေပြီး မြန်မာနိုင်ငံတော်အလံ စတင်လွှင့်ထူနိုင်ခဲ့သည့် နေ့ထူးနေ့မြတ်လည်း ဖြစ်ပေသည်။ ကမ္ဘာမှာ မြန်မာဟေ့ဟု ဂုဏ်ယူဝင့်ကြွားနိုင်ခဲ့သော နေ့တစ်နေ့လည်းဖြစ်ပေသည်။

လွတ်လပ်ရေးသည်ကား လွယ်လွယ်ကူကူရခဲ့ခြင်း မဟုတ်။ တိုင်းရင်းသားညီအစ်ကိုအပေါင်းတို့၏ အသက်၊ ချွေး၊ သွေးတို့နှင့်အတူ ရယူခဲ့ရခြင်းဖြစ်သည်။ ဘိုးဘွားတို့၏ အသက်ပေါင်းများစွာနှင့် လဲလှယ်ခဲ့ရသော လွတ်လပ်ရေးကြီး ထာဝစဉ်တည်တံ့ခိုင်မြဲစေရန်မှာ ယနေ့နှင့် အနာဂတ် တိုင်းရင်းသား ပြည်သူတို့၏ တာဝန်သာ ဖြစ်တော့၏။ လွတ်လပ်ရေးကြီး အဓွန့်ရှည်ရေးသည် မိမိတို့တာဝန်သာဖြစ်သည်ဟု တိုင်းရင်းသား ညီအစ်ကိုအပေါင်းတို့က ရင်ထဲ၊ အသည်းထဲတွင် စွဲမြဲစွာ မှတ်ယူထားသင့်ပေသည်။

လွတ်လပ်ရေးသည် တိုင်းပြည်တစ်ပြည်၏ အသည်းနှလုံးဖြစ်သည်။ လွတ်လပ်ရေးဆုံးရှုံးလျှင် အချုပ်အခြာအာဏာ ဆုံးရှုံးမည်။ အချုပ်အခြာအာဏာဆိတ်သုဉ်းလျှင် အဘယ်မှာ တည်ငြိမ်အေးချမ်းခြင်း၊ ဖွံ့ဖြိုးခြင်း၊ တိုးတက်ခြင်းတို့ကို ဆောင်ကြဉ်းနိုင်ပါတော့အံ့။ လွတ်လပ်သောတိုင်းပြည်ဖြစ်မှ အေးချမ်းသာယာသော လူမှုအသိုက်အဝန်းတစ်ရပ်ကို ထူထောင်နိုင်မည်။ ကြီးပွားတိုးတက်သော၊ ခေတ်မီသော၊ ဒီမိုကရေစီကျသော ခေတ်စနစ်ဖြင့် ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော်သစ်ဆီသို့ ဦးတည်လျှောက်လှမ်းနိုင်ပေမည်။

ထိုသို့ လွတ်လပ်ရေးကြီး ထာဝစဉ်ခိုင်မြဲစေရန်အတွက် ပြည်ထောင်စုစိတ်ဓာတ်၊ မျိုးချစ်စိတ်ဓာတ်တို့ကို အရင်းခံပြီး ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး၊ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးတည်းဟူသော ဒို့တာဝန်အရေးသုံးပါးကို ခါးဝတ်ပုဆိုးကဲ့သို့ မြဲမြံစွာ ဦးထိပ်ပန်ဆင်ရန်မှတစ်ပါး အခြားမရှိပြီ။ မြန်မာ့လွတ်လပ်ရေး ကမ္ဘာတည်သရွေ့ခိုင်မြဲရေး ဝိုင်းဝန်းထိန်းသိမ်းစောင့်ရှောက်ကြရပေမည်။

ယနေ့နိုင်ငံတော်အတွင်း ဒီမိုကရေစီကျင့်စဉ်နှင့်အညီ ပြုပြင်ပြောင်းလဲမှုများ ဆက်တိုက်ဖြစ်ပေါ်လျက်ရှိ၏။ ခေတ်မီတိုးတက်သည့်နိုင်ငံအဖြစ် တည်ဆောက်ပုံဖော်ရာတွင် စည်းလုံးညီညွတ်ရေးသည် အဓိကဖြစ်၏။ မြက်ပင်လေးများပင် ဖြစ်လင့်ကစား ၎င်းတို့ကိုစု၍ ကျစ်ထားသော ကြိုးသည် ဆင်ပြောင်ကြီးကိုပင် တုပ်နှောင်နိုင်၏ဟု ရှေးပညာရှိတို့က ဆိုထားသည်။ စည်းလုံးညီညွတ်ခြင်းဟူသည် အင်အားပင်ဖြစ်၏။ ပြည်ထောင်စုတိုင်းရင်းသားအားလုံး ပြည်ထောင်စုကြီးအတွင်း၌ ဥမကွဲ သိုက်မပျက် အတူတကွ ရာသက်ပန် ပူးပေါင်းနေထိုင်ခြင်းသည် စည်းလုံးညီညွတ်ခြင်းအားကို ဖြစ်စေနိုင်၏။

ထိုစည်းလုံးညီညွတ်မှုအင်အားနှင့်အတူ ပြည်သူများ၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေး၊ ဆင်းရဲမှုနှုန်းလျှော့နည်းကျဆင်းရေး၊ အုပ်ချုပ်မှုမဏ္ဍိုင် ခိုင်မာကောင်းမွန်သန့်ရှင်းရေးတို့အတွက် စွမ်းဆောင်ကြရမည်။ ပြည်ထောင်စုကြီး ဟူသည့် တစ်ခုတည်းသော ထီးအမိုးအောက်ရှိ တိုင်းရင်းသားညီအစ်ကို မောင်နှမအပေါင်းတို့က တစ်စိတ်တစ်ဝမ်းတည်းဟူ၍ ခံယူလျက် ခေတ်မီဖွံ့ဖြိုးတိုးတက်သော ဒီမိုကရေစီနိုင်ငံတော်သစ်ကို မဆုတ်မနစ် ဝိုင်းဝန်းကြိုးပမ်း တည်ဆောက်ကြရပေမည်။

လွတ်လပ်ခြင်းနှင့် စည်းလုံးညီညွတ်ခြင်းသည် သမိုင်းသင်ခန်းစာများအရ ခွဲမရသော အကြောင်းတရားများဖြစ်ရာ ထိုအကြောင်းတရားများကို အခြေခံ မြဲမြံစေခြင်းဖြင့် အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် ဒီမိုကရေစီ နိုင်ငံတော်သစ်ကြီးအဖြစ် ဝိုင်းဝန်းတည်ဆောက်ကြပါစို့ဟု တိုက်တွန်းရေးသားလိုက်ရပါသည်။ ။

## ကုန်သည်/စက်မှုလက်မှု လုပ်ငန်းရှင်များအသင်းနှင့် တရုတ်ကိုယ်စားလှယ်အဖွဲ့ တွေ့ဆုံ

ရန်ကုန် ဇန်နဝါရီ ၃

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကုန်သည်များနှင့်စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် ဒုတိယဥက္ကဋ္ဌ ဦးဇော်မင်းဝင်း၊ ဦးအောင်လွင်၊ တွဲဖက်အထွေထွေအတွင်းရေးမှူး ဦးအေးလွင်နှင့် ဖိတ်ကြားထားသော သတ္တုလုပ်ငန်းရှင်များသည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ All China Federation of Industry and Commerce မှ Secretary General & Director General of Economic Department, Ms. Ouyang Xiaoming ခေါင်းဆောင်၍ အဖွဲ့ဝင် ၁၃ဦး ပါဝင်သော ကိုယ်စားလှယ်အဖွဲ့အား ဒီဇင်ဘာ ၂၁ ရက် နံနက် ၁၀ နာရီက အသင်းချုပ်ရုံး၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံဆွေးနွေးပွဲတွင် နှစ်နိုင်ငံစီးပွားရေးလုပ်ငန်းရှင်များအကြားသတ္တုလုပ်ငန်းကဏ္ဍတွင် ပူးပေါင်းဆောင်ရွက်နိုင်ရေးကိစ္စ၊ အသင်းချုပ်ဦးဆောင်မှုဖြင့် ပြည်ပနိုင်ငံများသို့ သတ္တုလုပ်ငန်းကဏ္ဍဆိုင်ရာပြပွဲများ၊ Forum များသို့ တက်ရောက်ခဲ့ခြင်းကိစ္စ၊ မြန်မာနိုင်ငံ၏ သတ္တုတူးဖော်ထုတ်လုပ်ရေးဆိုင်ရာသတ်မှတ်ထားချက်များ၊ သတ္တုတူးဖော်ထုတ်လုပ်ခြင်း၊ သန့်စင်ခြင်းလုပ်ငန်းဆောင်ရွက်နေမှုအခြေအနေများ၊ တရုတ်နိုင်ငံနှင့်သတ္တုလုပ်ငန်းနှင့် စပ်လျဉ်းသည့် အခွန်ကိစ္စများ၊သတ္တုတူးဖော်ခြင်းလုပ်ငန်းဆိုင်ရာနည်းပညာဖလှယ်နိုင်ရေးကိစ္စတို့ကို ရင်းနှီးစွာဆွေးနွေးကြကြောင်း သိရှိရသည်။ (ကုန်သည်/စက်မှုအသင်းချုပ်)

## နွေစပါးစိုက်ပျိုးရန် ဆည်ရေသောက်စနစ်များ ကောင်းမွန်ရေး တောင်ငူခရိုင်အတွင်း ရေပေးလက်တံမြောင်းများပြင်ဆင်

တောင်ငူ ဇန်နဝါရီ ၃

နွေစပါး စိုက်ပျိုးနိုင်ရေးနှင့်စပ်လျဉ်း၍ တောင်ငူခရိုင် စိုက်ပျိုးရေးရုံးတွင် ဒီဇင်ဘာ ၁၁ ရက်က တွေ့ဆုံဆွေးနွေးပွဲကျင်းပရာ အခမ်းအနားတွင် ပဲခူးတိုင်းဒေသကြီး စိုက်ပျိုးရေးနှင့်မွေးမြူရေးဝန်ကြီးဌာနဝန်ကြီး ဦးတင်စိုးက တောင်ငူခရိုင် နွေစပါးစိုက်ပျိုးရေး လုပ်ငန်းညှိနှိုင်းမှုကော်မတီအဖွဲ့ဝင်များနှင့်တွေ့ဆုံကာ နွေစပါးစိုက်ပျိုးနိုင်ရေးအတွက် စိုက်ပျိုးရေ လုံလောက်စွာ ရရှိနိုင်ရေး ဆောင်ရွက်ထားရှိမှုအခြေအနေကို ဆွေးနွေးကြပြီးနောက် တိုင်းဒေသကြီး ဝန်ကြီးသည် ရေတာရှည်မြို့နယ် နွေစပါးစိုက်ပျိုးမည့် ဆည်ရေသောက်စနစ် ကောင်းမွန်ရေးအတွက် ရေပေးလက်တံမြောင်းများ ပြင်ဆင်ထားရှိမှုအခြေအနေများကို ကွင်းဆင်းကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရှိရသည်။ (အောက်ပုံ) (မြို့နယ် ပြန်/ဆက်)



## ကျောင်းသားများ စွမ်းရည်ပြိုင်ပွဲ ဆုပြင်အထကခွဲ၌ ကျင်းပ

တောင်ကုတ် ဇန်နဝါရီ ၃

တောင်ကုတ်မြို့နယ် ဆားပြင်ကျေးရွာအခြေခံပညာအထက်တန်းကျောင်းခွဲ၏ ၂၀၁၁-၂၀၁၂ ပညာသင်နှစ် ကျောင်းသား ကျောင်းသူများ သင်္ချာစွမ်းရည်ပြိုင်ပွဲ၊ အင်္ဂလိပ်ကျပန်းစကားပြောပြိုင်ပွဲနှင့် ပုံပြောပြိုင်ပွဲအခမ်းအနားကို ဒီဇင်ဘာ ၂၆ ရက် နံနက် ၁၀ နာရီက အထကခွဲအစည်းအဝေးခန်းမ၌ ကျင်းပရာ ကျောင်းအုပ်ဆရာမကြီး ဒေါ်အေးကြည်က ပြိုင်ပွဲကျင်းပရခြင်းရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားပြီးနောက် ကျောင်းသား ကျောင်းသူများ၏ စွမ်းရည်ပြိုင်ပွဲများ ကျင်းပခဲ့ကြောင်း သိရှိရသည်။ (မြို့နယ် ပြန်/ဆက်)

## မီးဘေးကြိုတင်ကာကွယ်ရေး မအူပင်မြို့နယ်၌ လေ့ကျင့်

မအူပင် ဇန်နဝါရီ ၃

မအူပင်ခရိုင် မအူပင်မြို့မဈေးကြီး မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေး မီးငြိမ်းသတ်ရေပက်ဖျန်းမှု၊ မီးသတ်ဆေးဘူးများ လက်တွေ့ကိုင်တွယ် အသုံးချတတ်မှု သရုပ်ပြလေ့ကျင့်ခြင်းနှင့် လက်တွေ့သရုပ်ပြဆောင်ရွက်ခြင်းကို ဒီဇင်ဘာ ၂၇ ရက်က ဧရာဝတီတိုင်းဒေသကြီး မအူပင်မြို့နယ်စည်ပင်သာယာရေးအဖွဲ့ပိုင် မြို့မဈေးကြီးရှေ့၌ ကျင်းပသည်။ (အပေါ်ပုံ)

သရုပ်ပြပွဲတွင် မအူပင်မြို့နယ် ဈေးကော်မတီများကိုယ်စား မြို့မဈေးကော်မတီဥက္ကဋ္ဌ ဦးမြင့်သိန်းက ဈေးများ မီးဘေးကြိုတင်ကာကွယ်ရေးအတွက် မီးငြိမ်းသတ်ရေး ပစ္စည်းများ စုဆောင်းထားရှိမှုအခြေအနေနှင့် မအူပင်ခရိုင် မီးသတ်ဦးစီးဌာန ဒုတိယဦးစီးမှူး ဦးဌေးဝင်းက မီးသတ်ဆေးဘူးများ ကိုင်တွယ်အသုံးပြုပုံကို ရှင်းလင်းသရုပ်ပြသသည်။

### ပူးပေါင်း

လက်တွေ့သရုပ်ပြပွဲသို့ မအူပင်မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိဦးအောင်ကျော်စိုးနှင့် စည်ပင်သာယာရေးအဖွဲ့ဝန်ထမ်းများ၊ မအူပင်ခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး အောင်သန်းဦးနှင့်ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးညီညီလင်းနှင့် အရန်မီးသတ်တပ်ဖွဲ့ဝင်များ၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များနှင့် ဒေသခံပြည်သူများ ပူးပေါင်းဆောင်ရွက်ခဲ့ကြကြောင်း သိရှိရသည်။ (ဝ၆၈)

## ပဲခူးမြို့နယ်၌ မိုးစပါးစံကွက်ရိတ်သိမ်း

ပဲခူး ဇန်နဝါရီ ၃

ပဲခူးခရိုင် ပဲခူးမြို့နယ် ဘုရားကြီးကျေးရွာအုပ်စု တောင်သူဦးမြင့်စိုး၏ ဆင်းသုခ မိုးစပါး(၃ ဒသမ ဝဝ)ဧကကိုဒီဇင်ဘာ ၁၁ ရက်က ပဲခူးတိုင်းဒေသကြီး မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း ဒုတိယအထွေထွေမန်နေဂျာ ဦးအေးကိုကို၊ ခရိုင်မန်နေဂျာ ဦးသန်းဦး၊ မြို့နယ်မန်နေဂျာ ဦးယဉ်ထွန်းနှင့်ဝန်ထမ်းများ၊ ကျေးရွာအုပ်ချုပ်ရေးမှူးနှင့်အဖွဲ့ဝင်များ၊ ဒေသခံတောင်သူများ ပူးပေါင်း၍ စံကွက်ရိတ်သိမ်းကြသည်။

### ထွက်ရှိ

စံကွက်ရိတ်သိမ်းရာတွင် ဆင်းသုခ မိုးစပါး(ကောင်း)အဆင့် ကိုယ်စားပြုစံကွက်ဖြစ်ပြီး တစ်ဧကပျမ်းမျှအထွက်နှုန်းအခြောက် ၈၃ ဒသမ ၁၁တင်း ထွက်ရှိကြောင်း သိရှိရသည်။ (မြို့နယ်စိုက်ပျိုးရေး)

## ကျောင်းဆောင်သစ်အဆောက်အအုံများ တာချီလိတ်၌ လွှဲပြောင်းပေးအပ်

တာချီလိတ် ဇန်နဝါရီ ၃

၂၀၁၁ခုနှစ် မတ်လ၂၃ ရက်က လှုပ်ခတ်ခဲ့သော ငလျင်ကြောင့်ပျက်စီးသွားသောကျောင်းများအနက် ဝေါလ်ဗီးရှင်း မြန်မာအဖွဲ့က ဆောက်လုပ်လှူဒါန်းသည့် ကျောင်းဆောင်ခြောက်ဆောင်လွှဲပြောင်းပေးအပ်ပွဲကို ဒီဇင်ဘာ ၁၄ ရက် နံနက် ၁၀နာရီက တာလေမြို့သီရိအခြေခံပညာ မူလတန်းကျောင်း၌ ကျင်းပသည်။

အခမ်းအနားတွင် ခရိုင်အုပ်ချုပ်ရေးမှူး ဦးသက်လွင်က အမှာစကားပြောကြားပြီး ဝေါလ်ဗီးရှင်း မြန်မာအဖွဲ့မှ မန်နေဂျာ ဦးညွန့်အောင်က ကျောင်းဆောင်များ ဆောက်လုပ်လှူဒါန်းရသည့် ရည်ရွယ်ချက်များကို ရှင်းလင်းတင်ပြကာသက်ဆိုင်ရာကျောင်း အုပ်ဆရာဆရာမများထံသို့ ကျောင်းဆောင်နှင့်ပတ်သက်သည့် စာရွက်စာတမ်းများ လွှဲပြောင်းပေးအပ်သည်။

အဆိုပါ ဆောက်လုပ်လှူဒါန်းသည့် ကျောင်းများမှာ မူလွန်ကျောင်းတစ်ကျောင်း၊ မူလတန်းကျောင်း ငါးကျောင်း ဖြစ်ပြီး စုစုပေါင်းတန်ဖိုးငွေကျပ်သိန်း၂၂၀၀ ဖြစ်ကြောင်း သိရှိရသည်။ (ခရိုင် ပြန်/ဆက်)

## ခြင်ဆေးမီးပွား သတိမထားက စီးပွား၊ ဥစ္စာ ကုန်လိမ့်မည်

## တစ်ဧကအထွက်နှုန်း မှန်ကန်စေရေး သနပ်ပင်မြို့နယ်၌ မိုးစပါးစံကွက်ရိတ်သိမ်း

သနပ်ပင် ဇန်နဝါရီ ၃

ပဲခူးတိုင်းဒေသကြီး သနပ်ပင်မြို့နယ် အောက်စုပိုင်းရပ်ကွက်၌ ဧရိယာ ၁၃ ဒသမ ၈၂ ဧကရှိ တောင်သူဦးကျော်ဟိုး၏ မနောသုခမျိုး(သင့်)အဆင့်အတန်းရှိ မိုးစပါးကို ဒီဇင်ဘာ ၁၂ ရက် နံနက် ၉ နာရီက စံကွက်ရိတ်သိမ်းရာ ပဲခူးတိုင်းဒေသကြီး ကြေးတိုင်နှင့်မြေစာရင်းဦးစီးဌာနဒုတိယတိုင်းဒေသကြီး မြေစာရင်းဦးစီးဌာနမှူးဦးသိန်းကျော်က ကွင်းဆင်းကြီးကြပ်ဆောင်ရွက်ပေးသည်။

အဆိုပါစံကွက်ရိတ်သိမ်းပွဲသို့ ခရိုင်မြေစာရင်းဦးစီးဌာနမှူး ဦးညဏ်စိန်၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးစိုးမြင့်ဝင်း၊ မြို့နယ်မြေစာရင်းဦးစီးအရာရှိ ဦးကောင်းကင်ကျော်နှင့်ဝန်ထမ်းအဖွဲ့များ၊ ဒေသခံတောင်သူများမှ စံကွက်ရိတ်သိမ်းရာ ခြောက်သွေ့ပြီး တစ်ဧကပျမ်းမျှအထွက်နှုန်း ၆၈ဒသမ ၇၅တင်း ထွက်ရှိကြောင်း သိရှိရသည်။ (အောက်ပုံ) (မြို့နယ်မြေစာရင်း)

## မြင်းမူ၌ ကတ္တရာလမ်းသစ်ဖွင့်

မြင်းမူ ဇန်နဝါရီ ၃

(၆၄)နှစ်မြောက်လွတ်လပ်ရေးနေ့ကို ဂုဏ်ပြုသောအားဖြင့် မြင်းမူမြို့ သီဟရပ်ကွက်အတွင်းရှိ မြမာလာလမ်းကတ္တရာလမ်းသစ်ဖွင့်ပွဲကို ဒီဇင်ဘာ ၃၁ ရက် နံနက်က အဆိုပါလမ်းသစ်ထိပ်ရှိ မုခ်ဦး၌ ကျင်းပရာ တိုင်းဒေသကြီးလွှတ်တော် ကိုယ်စားလှယ်ဦးသောင်းမြင့်၊ မြင်းမူမြို့နယ်အုပ်ချုပ်ရေးမှူး ဦးဗိုလ်အောင်မောင်မောင်နှင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့အမှုဆောင်အရာရှိ ဦးထင်အောင်ဦးတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။ အဆိုပါကတ္တရာလမ်းသည် အရှည် ၈၆၅ ပေ၊ အကျယ် ၁၂ ပေရှိပြီး ကုန်ကျမှုတန်ဖိုးမှာ ငွေကျပ်၄၆၉၀၀၀၀ ဖြစ်ကြောင်း သိရှိရသည်။ (ဝ၇၉)

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတက သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်များ ဆက်ကပ်လှူဒါန်းအပ်နှင်း

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**နိုင်ငံတော်သမ္မတရုံး**

**အမိန့်ကြော်ငြာစာ**

**အမှတ် ၁/၂၀၁၂**
**၁၃၇၃ခုနှစ်၊ ပြာသိုလဆန်း ၁၁ ရက်**
**(၂၀၁၂ခုနှစ်၊ ဇန်နဝါရီလ ၄ရက်)**

နိုင်ငံတော်သမ္မတက အောက်ဖော်ပြပါ ဆရာတော်ကြီးများ၊ ဂန္ထဓုရ ပရိယတ္တိဝန်ဆောင်စာချဆရာတော်များ၊ ဝိပဿနာဓုရ ပဋိပတ္တိဝန်ဆောင် ကမ္မဋ္ဌာန်းနည်းပြဆရာတော်များ၊ နယ်လှည့်ဓမ္မကထိကနှင့် ပြည်တွင်းပြည်ပ သာသနာပြုပုဂ္ဂိုလ်များ၊ ဗုဒ္ဓသာသနာတော်ကို ပစ္စည်းလေးပါးတို့ဖြင့် ထူးခြားစွာ ထောက်ပံ့လှူဒါန်းနေကြသည့် ပုဂ္ဂိုလ်များအား သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်များကို ဆက်ကပ်လှူဒါန်းအပ်နှင်းလိုက်ပါသည်-

### အဘိဓဇမဟာရဋ္ဌဂုရု ဘွဲ့တံဆိပ်တော်

၁။ ဘဒ္ဒန္တကုမာရ၊ ... ဘဒ္ဒန္တကုန္ဒိယာသဘ၊ မဟိတာရုံကျောင်းတိုက်၊ ကနောင်စုရပ်ကွက်၊ ဟသ်ာတမြို့၊ ဧရာဝတီတိုင်းဒေသကြီး
၂။ ဘဒ္ဒန္တ တေဇောသာရာဘိဝံသ၊ နိကာရနယူပဒေသကျောင်း၊ မစိုးရိမ်တိုက်၊ ဒေးဝန်းအရှေ့ရပ်ကွက်၊ မဟာအောင်မြေမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး
၃။ ဘဒ္ဒန္တကေသရ၊ မြသိန်းတန် ပရိယတ္တိစာသင်တိုက်၊ အမှတ်(၁၀)ရပ်ကွက်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး
၄။ ဘဒ္ဒန္တသံဝရ၊ သာသနာ့မဏ္ဍိုင် ပါဠိတက္ကသိုလ်ကျောင်းတိုက်၊ မြို့တွင်းကြီးရပ်ကွက်၊ ပဲခူးမြို့၊ ပဲခူးတိုင်းဒေသကြီး

### အဂ္ဂမဟာပဏ္ဍိတ ဘွဲ့တံဆိပ်တော်

၁။ ဘဒ္ဒန္တ ကေသရ၊ ခေမဝတီကျောင်းတိုက်၊ ရုံးကြီးရပ်ကွက်၊ မုံရွာမြို့၊ စစ်ကိုင်းတိုင်းဒေသကြီး
၂။ ဘဒ္ဒန္တ ဝိဇယ၊ မြစည်းခုံစာသင်တိုက်၊ အမှတ်(၁၄)ရပ်ကွက်၊ တောင်ငူမြို့၊ ပဲခူးတိုင်းဒေသကြီး
၃။ ဘဒ္ဒန္တသူရိယ၊ ဥဿာသီရိစာသင်တိုက်၊ နန်းတော်ရာရပ်ကွက်၊ ပဲခူးမြို့၊ ပဲခူးတိုင်းဒေသကြီး
၄။ ဘဒ္ဒန္တဓမ္မသာရ မဟာဝိသုတာရာမဈေးကုန်းကျောင်းတိုက်၊ ရွာကောက်ရပ်ကွက်၊ နေပြည်တော် ပျဉ်းမနား
၅။ ဘဒ္ဒန္တဇနပတိ၊ မဟာဂန္ဓာရုံကျောင်းတိုက်၊ ဆင်စွယ်ပွတ်ရပ်ကွက်၊ အမရပူရမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး
၆။ ဘဒ္ဒန္တ ဝိစိတ္တာဘိဝံသ၊ ပါဠိနယူပဒေသကျောင်း၊ မစိုးရိမ်တိုက်၊ ဒေးဝန်းအရှေ့ရပ်ကွက်၊ မဟာအောင်မြေမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး
၇။ ဘဒ္ဒန္တဝိသုဒ္ဓါစာရာဘိဝံသ၊ သာသနဇောတာရုံကျောင်းတိုက်၊ အမှတ် (၅) နေချင်စရာရပ်ကွက်၊ မတ္တရာမြို့၊ မန္တလေးတိုင်းဒေသကြီး
၈။ ဘဒ္ဒန္တဝေပုလ္လ၊ သဒ္ဓမ္မပါလပရိယတ္တိစာသင်တိုက် အမှတ်(၃)ရပ်ကွက်၊ ကျောက်မဲမြို့၊ ရှမ်းပြည်နယ်

**ပြည်ပဘွဲ့ခံဆရာတော်ကြီးများ**

၉။ ဘဒ္ဒန္တသီရိသုမနဇောတိထေရ် (Ven. Palltthara Sri Sumanajothi Thero) Subadrarama Purana ကျောင်းတိုက်၊ Maligaspe, Galleမြို့၊ သီရိလင်္ကာနိုင်ငံ
၁၀။ ဘဒ္ဒန္တပိယဒဿီထေရ် (Ven. Galayaye Piyadassi Thero)အပြည်ပြည်ဆိုင်ရာ သီရိသဒ္ဓါတိဿဗုဒ္ဓဘာသာစင်တာ၊ အမှတ် 309-311 Kingabury Road, London မြို့၊ အင်္ဂလန်နိုင်ငံ

### ဓမ္မကထိကဗဟုဇနဟိတဓရ ဘွဲ့တံဆိပ်တော်

၁။ ဘဒ္ဒန္တသုမင်္ဂလ၊ ဥဿာသီရိစာသင်တိုက်၊ နန်းတော်ရာရပ်ကွက်၊ ပဲခူးမြို့၊ပဲခူးတိုင်းဒေသကြီး
၂။ ဘဒ္ဒန္တဝါယမ၊ ထူပါရုံမဟာစည်သာသနာ့ရိပ်သာကျောင်းတိုက်၊ တေမျှော်ကျေးရွာ၊ ရေစကြိုမြို့နယ်၊ မကွေးတိုင်းဒေသကြီး
၃။ ဘဒ္ဒန္တကုန္ဒာလောကာလင်္ကာရ၊ မဟာဂန္ဓာရုံကျောင်းတိုက်၊ ဆင်စွယ်ပွတ်ရပ်ကွက်၊ အမရပူရမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး
၄။ ဘဒ္ဒန္တတေဇဝန္တ၊ ဓမ္မသုခကျောင်းတိုက်၊ သီရိမြိုင်ရပ်ကွက်၊ မော်လမြိုင်မြို့၊ မွန်ပြည်နယ်
၅။ ဘဒ္ဒန္တဒေဝိန္ဒ၊ ဘော်ကြိုဘုရားကြီးကျောင်းတိုက်၊ သီပေါမြို့၊ ရှမ်းပြည်နယ်

### အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ ဘွဲ့တံဆိပ်တော်

၁။ ဘဒ္ဒန္တဝိသုဒ္ဓ၊ ခေမာသီဝံကျောင်းတိုက်၊ ခေမာသီရိရပ်ကွက်၊ မြစ်ကြီးနားမြို့၊ ကချင်ပြည်နယ်
၂။ ဘဒ္ဒန္တရာဇိန္ဒ၊ တောင်ဖီလာစာသင်တိုက်၊ တောင်ဖီလာရပ်ကွက်၊ ကလေးမြို့၊ စစ်ကိုင်းတိုင်းဒေသကြီး
၃။ ဘဒ္ဒန္တသံဝရာဘိဝံသ၊ မဟာဂန္ဓာရုံ ပရိယတ္တိစာသင်တိုက်၊ အေးမြသာယာမြို့၊ အုတ်ဖိုမြို့နယ်၊ ပဲခူးတိုင်းဒေသကြီး
၄။ ဘဒ္ဒန္တကုသလ၊ မင်္ဂလာရာမရွှေဘိုကျောင်းတိုက်၊ ဒေါနဘွားရပ်ကွက်၊ အောင်မြေသာစံမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး
၅။ ဘဒ္ဒန္တဇနသာရ၊ ပဏ္ဍိတာရုံကျောင်း၊ ညောင်ကန်တိုက်၊ ချမ်းမြသာစည်တောင်ရပ်ကွက်၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးတိုင်းဒေသကြီး
၆။ ဘဒ္ဒန္တသုမနာဘိဝံသ၊ သုံးထပ်ကျောင်း၊ ကျောင်းတော်ရာရွှေကျင်တိုက် ကြားတောရရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး
၇။ ဘဒ္ဒန္တကုန္ဒောဘာသာဘိဝံသ၊ နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်၊ အမှတ် (၇) ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး
၈။ ဘဒ္ဒန္တစန္ဒဝရ၊ နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်၊ အမှတ်(၇)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး
၉။ ဘဒ္ဒန္တဝိဇယ၊ သာသနာ့ဝေပုလ္လပရိယတ္တိစာသင်တိုက်၊ အမှတ်(၃)ရပ်ကွက်၊ ကျိုင်းတုံမြို့၊ ရှမ်းပြည်နယ်

**သီလရှင်ဆရာကြီးများ**

၁၀။ ဒေါ်ဆန္ဒာဘာဂီ၊ သမိဒ္ဓေါဒယကျောင်းတိုက်၊ သမိဒ္ဓေါဒယချောင်၊ သောတာပန်ရပ်ကွက်၊ စစ်ကိုင်းမြို့၊ စစ်ကိုင်းတိုင်းဒေသကြီး
၁၁။ ဒေါ်ဝိဇ္ဇာနန္ဒီ၊ ခေမေသကချောင်၊ သောတာပန်ရပ်ကွက်၊ စစ်ကိုင်းမြို့၊ စစ်ကိုင်းတိုင်းဒေသကြီး

### မဟာဂန္ထဝါစကပဏ္ဍိတ ဘွဲ့တံဆိပ်တော်

၁။ ဘဒ္ဒန္တအရိယဝံသ၊ အောင်ဆုပန်ကျောင်းတိုက်၊ မြိုက်-သပြေသာကျေးရွာ၊ ရွှေဘိုမြို့နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး
၂။ ဘဒ္ဒန္တဝိစိတ္တ၊ မြို့မပရိယတ္တိစာသင်တိုက်၊ မြို့မရပ်ကွက်၊ ဗန်းမောက်မြို့၊ စစ်ကိုင်းတိုင်းဒေသကြီး
၃။ ဘဒ္ဒန္တပညာသာမိ၊ ရွှေအင်းရိပ်သာ ပရိယတ္တိစာသင်တိုက်၊ နေပြည်တော်၊ တပ်ကုန်း
၄။ ဘဒ္ဒန္တဓမ္မာဝုဓ၊ မြတ်ရွှေဂူစာသင်တိုက်၊ မိုးကုတ်ဓမ္မရိပ်သာ၊ လယ်ယား(တ)ကျေးရွာ၊ ကျောက်ပန်းတောင်းမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး

**သီလရှင်ဆရာကြီး**

၅။ ဒေါ်အစ္ဆရိယဉာဏီ၊ သာသနာ့ဗိမာန်စာသင်တိုက်၊ ရှင်ဖြူရှင်လှကျေးရွာ၊ စစ်ကိုင်းမြို့နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး

### ဂန္ထဝါစကပဏ္ဍိတ ဘွဲ့တံဆိပ်တော်

၁။ ဘဒ္ဒန္တသေဌဉာဏ၊ သူရိယာရာမကျောင်းသစ်ပရိယတ္တိစာသင်တိုက်၊ အမှတ်(၅)ရပ်ကွက်၊ ထုံးအိုင်စံပြကျေးရွာ၊ ဘားအံမြို့နယ်၊ ကရင်ပြည်နယ်
၂။ ဘဒ္ဒန္တပညာဗလ၊ ဇေယျဝတီ ပရိယတ္တိစာသင်တိုက်၊ ပိန္နဲတောရပ်ကွက်၊ ထားဝယ်မြို့၊ တနင်္သာရီတိုင်းဒေသကြီး
၃။ ဘဒ္ဒန္တကုန္ဒာစက္က၊ ရွှေတောင်ကျောင်းတိုက်၊ မင်းရပ်-ရပ်ကွက်၊ လက်ပံတန်းမြို့၊ ပဲခူးတိုင်းဒေသကြီး
၄။ ဘဒ္ဒန္တတေဇ၊ ရတနာပါဒပရိယတ္တိစာသင်တိုက်၊ ရွာဘဲနယ်မြေ၊ ပြည်မြို့၊ ပဲခူးတိုင်းဒေသကြီး
၅။ ဘဒ္ဒန္တတေဇဝန္တ၊ ဓမ္မိကပရိယတ္တိစာသင်တိုက်၊ မြို့မရပ်ကွက်၊ မိုးညိုမြို့၊ ပဲခူးတိုင်းဒေသကြီး
၆။ ဘဒ္ဒန္တသုန္ဒရ၊ သာသနာ့မဏ္ဍိုင်ပါဠိတက္ကသိုလ်ကျောင်းတိုက်၊ ပန်းခြံကုန်းရပ်ကွက်၊ ပဲခူးမြို့၊ ပဲခူးတိုင်းဒေသကြီး
၇။ ဘဒ္ဒန္တဝါသဝ၊ မဟာဓမ္မိကာရာမ စမွယ်ရုံကျောင်းတိုက်၊ အောင်ချမ်းသာရပ်ကွက်၊ ရေနံချောင်းမြို့၊ မကွေးတိုင်းဒေသကြီး
၈။ ဘဒ္ဒန္တကုသလ၊ ခင်ကြီးဒွေးကျောင်းတိုက်၊ မကွေးမြို့၊ မကွေးတိုင်းဒေသကြီး
၉။ ဘဒ္ဒန္တကိတ္တိသာရ၊ မဟာဝိသုတာရာမ(အလယ်)တိုက်၊ အမှတ်(၁၀)ရပ်ကွက်၊ ပခုက္ကူမြို့၊ မကွေးတိုင်းဒေသကြီး
၁၀။ ဘဒ္ဒန္တညေယျဝရ၊ မြင်းခြံကျောင်း၊ ရေနံချောင်းကျောင်းတိုက်၊ ချမ်းမြသာစည်မြောက်ရပ်ကွက်၊ မဟာအောင်မြေမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး
၁၁။ ဘဒ္ဒန္တကောဝိဒ၊ မေဃဝတီတောင်သမန်ကျောင်းတိုက်၊ သီရိဟေမာအနောက်ရပ်ကွက်၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး
၁၂။ ဘဒ္ဒန္တဥတ္တမသာရာလင်္ကာရ၊ မဟာမြိုင်ကျောင်းတိုက်၊ မဟာမြိုင် (၁)ရပ်ကွက်၊ မဟာအောင်မြေမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး
၁၃။ ဘဒ္ဒန္တအဂ္ဂည၊ ဂုဏဝတီတိုက်ကျောင်း၊ ဒက္ခိဏာရာမဘုရားကြီးတိုက်၊ ကျွန်းလုံးဥသျှောင်ရပ်ကွက်၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးတိုင်းဒေသကြီး
၁၄။ ဘဒ္ဒန္တသုန္ဒရ၊ စစ်ကိုင်းပရိယတ္တိစာသင်တိုက်၊ ဗိုလ်တေဇရပ်ကွက်၊ ဘီးလင်းမြို့၊ မွန်ပြည်နယ်
၁၅။ ဘဒ္ဒန္တကုန္ဒာစရိယ၊ ပရိယတ္တိဓမ္မိကာရုံကျောင်း၊ အောက်ရွာပိုင်းရပ်ကွက်၊ မင်းပြားမြို့၊ ရခိုင်ပြည်နယ်
၁၆။ ဘဒ္ဒန္တပညာသာမိ၊ ကျောက်ကုန်းတောရမေဒိနီကျောင်းတိုက်၊ အမှတ်(၁၄)ရပ်ကွက်၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး
၁၇။ ဘဒ္ဒန္တဓမ္မသာမိ၊ မဟာဗောဓိပရိယတ္တိစာသင်တိုက်၊ အမှတ်(၁၄)ရပ်ကွက်၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး
၁၈။ ဘဒ္ဒန္တဓမ္မာစာရ၊ အောင်သီတာပရိယတ္တိစာသင်တိုက်၊ ရှုခင်းသာရပ်ကွက်၊ သာကေတမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး
၁၉။ ဒေါက်တာဘဒ္ဒန္တအာစိဏ္ဏ၊ အပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ်၊ အမှတ်(၅)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး
၂၀။ ဘဒ္ဒန္တနန္ဒိန္ဒ၊ နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်၊ အမှတ် (၇)ရပ်ကွက် မရမ်းကုန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး
၂၁။ ဘဒ္ဒန္တဓမ္မာနန္ဒာဘိဝံသ၊ မဟာဓမ္မိကာရာမကျောင်း၊ ကံသာရပ်ကွက်၊ တောင်ကြီးမြို့၊ ရှမ်းပြည်နယ်
၂၂။ ဘဒ္ဒန္တကောဝိဒါဘိဝံသ၊ ရွှေနံ့သာကျောင်း၊ ရွှေဟသ်ာတောရကျောင်းတိုက်၊ အမှတ်(၇)ရပ်ကွက်၊ ညောင်တုန်းမြို့၊ ဧရာဝတီတိုင်းဒေသကြီး
၂၃။ ဘဒ္ဒန္တပညာသိရီရတနာဘိဝံသ၊ မြောင်းမြကျောင်းပရိယတ္တိစာသင်တိုက်၊ အမှတ်(၃)ရပ်ကွက်၊ ပုသိမ်မြို့၊ ဧရာဝတီတိုင်းဒေသကြီး

**သီလရှင်ဆရာကြီးများ**

၂၄။ ဒေါ်ဓမ္မေသီ၊ ဧသုဝတီသီလရှင်စာသင်တိုက်၊ လယ်တီရပ်ကွက်၊ မုံရွာမြို့၊ စစ်ကိုင်းတိုင်းဒေသကြီး
၂၅။ ဒေါ်ခေမာသီဂီ၊ ရတနာမာရ်အောင် သီလရှင်စာသင်တိုက်၊ ကရပ်ပြင်ရပ်ကွက်၊ ထားဝယ်မြို့၊ တနင်္သာရီတိုင်းဒေသကြီး
၂၆။ ဒေါ်သုနန္ဒီ၊ သာသနဟိတကာရီ သီလရှင်ပရိယတ္တိစာသင်တိုက်၊ အမှတ်(၈) အောင်သီတာရပ်ကွက်၊ လားရှိုးမြို့၊ ရှမ်းပြည်နယ်

**ပြည်ပဘွဲ့ခံသီလရှင်ဆရာကြီး**

၂၇။ ဒေါက်တာဒေါ်မောဠိနီ၊ KIMDOL ကျောင်းတိုက် Swayumbu, Kathmandu မြို့၊ နီပေါနိုင်ငံ

### အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက ဘွဲ့တံဆိပ်တော်

၁။ ဘဒ္ဒန္တသီလဝံသ၊ ဓမ္မရက္ခိတဝန်းသိုကျောင်းတိုက်၊ ရှမ်းစုမြောက်ရပ်ကွက်၊ မြစ်ကြီးနားမြို့၊ ကချင်ပြည်နယ်
၂။ ဘဒ္ဒန္တဓမ္မာလောက၊ မဟာရတနာဘုံစံမြတောင်ကျောင်းတိုက်၊ ဝါးချက်ကျေးရွာ၊ စစ်ကိုင်းမြို့၊ စစ်ကိုင်းတိုင်းဒေသကြီး
၃။ ဘဒ္ဒန္တစန္ဒိမာ၊ ပိဋကတ်တော်ပြန့်ပွားရေးကျောင်း၊ မြတောင်တိုက်၊ ရတနာအနောက်ရပ်ကွက်၊ မဟာအောင်မြေမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး
၄။ ဘဒ္ဒန္တဇယန္တ၊ ကျားရုပ်ပရိယတ္တိစာသင်တိုက်၊ ကျောင်းတက်လမ်းရပ်ကွက်၊ စစ်တွေမြို့၊ ရခိုင်ပြည်နယ်

### အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘွဲ့တံဆိပ်တော်

၁။ ဘဒ္ဒန္တသိရိန္ဒာစာရ၊ ငွေတောင်ပြည်ပရိယတ္တိစာသင်တိုက်၊ ငွေတောင်စံပြကျေးရွာ၊ ဒီမောဆိုမြို့နယ်၊ ကယားပြည်နယ်
၂။ ဘဒ္ဒန္တပညာသာမိ၊ တောင်ကလေးပရိယတ္တိစာသင်တိုက်၊ တောင်ကလေးရွာ၊ ဘားအံမြို့နယ်၊ ကရင်ပြည်နယ်
၃။ ဘဒ္ဒန္တမဏ္ဍလ၊ အနောက်ကျောင်းကြီး ပရိယတ္တိစာသင်တိုက်၊ စက်ရုံရပ်၊ ကောလင်းမြို့၊ စစ်ကိုင်းတိုင်းဒေသကြီး
၄။ ဘဒ္ဒန္တဝိသုဒ္ဓ၊ ထေရဝါဒဗုဒ္ဓသာသနာပြုကျောင်း၊ ဖောင်ဆိုင်ကျေးရွာ၊ ခန္တီးမြို့နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး
၅။ ဘဒ္ဒန္တကုမာရ၊ ကွဲကန်ကျောင်း၊ ကွဲကန်ကျေးရွာ၊ ကျောက်ပန်းတောင်းမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး
၆။ ဘဒ္ဒန္တပညိန္ဒ၊ ရွှေဘုံသာကျောင်းတိုက်၊ လိမ်ပင်ကျေးရွာ၊ ပုသိမ်ကြီးမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး
၇။ ဘဒ္ဒန္တဇာနေယျ၊ ပုလဲမြင့်ဘုန်းတော်ကြီးသင်အလယ်တန်းကျောင်း၊ ရွှေပြည်တိုက်၊ ၈၈ လမ်း၊ ၁၇×၁၈ လမ်းကြား၊ အောင်မြေသာစံမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး
၈။ ဘဒ္ဒန္တနာဂိန္ဒ၊ ကျိုက်ထီးဆောင်းဆံတော်ရှင်ဘုရားကြီးကျောင်းတိုက်၊ ဇုတ်သုတ်စံပြကျေးရွာ၊ ဘီးလင်းမြို့နယ်၊ မွန်ပြည်နယ်
၉။ ဘဒ္ဒန္တကုန္ဒက၊ မီးဝဘုန်းတော်ကြီးသင်ပညာရေးအလယ်တန်းကျောင်းတိုက်၊ မီးဝကျေးရွာ၊ ကျောက်တော်မြို့နယ်၊ ရခိုင်ပြည်နယ်
၁၀။ ဘဒ္ဒန္တပညာသာရ၊ တပ်ဦးမင်းကုန်း ဘုန်းတော်ကြီးသင်ပညာရေးကျောင်း မင်းကုန်းစံပြကျေးရွာ၊ လှည်းကူးမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး
၁၁။ ဘဒ္ဒန္တနန္ဒာစရိယ၊ ဒက္ခိဏာရုံကျောင်းတိုက်၊ အောင်ချမ်းသာရပ်ကွက်၊ နမ့်ခမ်းမြို့၊ ရှမ်းပြည်နယ်

**ပြည်ပဘွဲ့ခံဆရာတော်ကြီးများ**

၁၂။ Ven. Saysamone Tepmounithone (ဘဒ္ဒန္တဆေစမန်းတက်မိုနီသွန်း) Pakkayoung Village , Viengkham District ,Viengchan Province လာအိုနိုင်ငံ
၁၃။ Ven. Chuan Yin (ဘဒ္ဒန္တချွမ်ရင်) Fa Yuan Si ကျောင်းတိုက်၊ ပေကျင်းမြို့၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ
၁၄။ ဒေါက်တာဘဒ္ဒန္တဓမ္မပိယ၊ မေတ္တာနန္ဒဝိဟာရဓမ္မရိပ်သာ Metta Vihara 4619, Central Ave Fremont,CA 94536 ကာလီဖိုးနီးယားပြည်နယ်၊ အမေရိကန်နိုင်ငံ
၁၅။ ဒေါက်တာဘဒ္ဒန္တဓမ္မသာမိ No. 356, Abingdon Road, Oxford Ox1 4 TQ, UK, အောက်စဖို့ဒ် ဗုဒ္ဓဝိဟာရကျောင်းတိုက်၊ အောက်စဖို့ဒ်မြို့၊ အင်္ဂလန်နိုင်ငံ

### မဟာသဒ္ဓမ္မဇောတိကဓဇ ဘွဲ့တံဆိပ်တော်

၁။ ဘဒ္ဒန္တပဏ္ဍဝ၊ ထေရဝါဒဗုဒ္ဓသာသနာပြုကျောင်း၊ နမ့်နောက်ကျေးရွာ၊ လွိုင်ကော်မြို့နယ်၊ ကယားပြည်နယ်
၂။ ဘဒ္ဒန္တသေဋ္ဌိလ၊ လောခုခူထေရဝါဒဗုဒ္ဓသာသနာပြုကျောင်း၊ လောခုခူကျေးရွာ၊ ဖရူဆိုမြို့နယ်၊ ကယားပြည်နယ်
၃။ ဘဒ္ဒန္တဇောတိသာရ၊ ထေရဝါဒဗုဒ္ဓသာသနာပြု ဗဟိုကျောင်း၊ တာလံရပ်ကွက်၊ လဟယ်မြို့၊ စစ်ကိုင်းတိုင်းဒေသကြီး
၄။ ဘဒ္ဒန္တဓမ္မာဝုဓ၊ ထေရဝါဒဗုဒ္ဓသာသနာပြုဘုန်းတော်ကြီးသင်ပညာရေးကျောင်း၊ မောင်ရှင်ကျေးရွာ၊ မြေပုံမြို့နယ်၊ ရခိုင်ပြည်နယ်
၅။ ဘဒ္ဒန္တကုန္ဒောဘာသ၊ ကျားကူးဓမ္မဗိမာန်ကျောင်းတိုက်၊ ရွှေတိဂုံဘုရားလမ်း၊ ဒဂုံမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး
၆။ ဘဒ္ဒန္တပညာသာရ၊ ပန်းတစ်ပွင့်တောင်သာသနာပြုတောရရိပ်သာကျောင်းတိုက်၊ ဖူးကြီး ရေလျှောင်ကန်အနီး၊ တိုက်ကြီးမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး
၇။ ဘဒ္ဒန္တတေဇနိယ၊ အောင်မြေသာယာ(ဇယန်းကြီး) ကျောင်းတိုက်၊ ပလောင်ငြိမ်းချမ်းရေးကုန်း၊ ကျောက်မဲမြို့နယ်၊ ရှမ်းပြည်နယ်
၈။ ဘဒ္ဒန္တစန္ဒသိရီ၊ ထေရဝါဒဗုဒ္ဓသာသနာပြုပညာဒီပကျောင်း၊ (၂)ရပ်ကွက်၊ မက်မန်းမြို့၊ ရှမ်းပြည်နယ်
၉။ ဘဒ္ဒန္တပုညနန္ဒ၊ သီရိမင်္ဂလာမန်ဆူရှမ်းကျောင်းတိုက်၊ ရပ်ကွက်(၁၂)၊ လားရှိုးမြို့၊ ရှမ်းပြည်နယ်
၁၀။ ဘဒ္ဒန္တအရိယာဝံသ၊ နယ်စပ်သာသနာပြုထေရဝါဒ ဗဟိုဗုဒ္ဓဘာသာဘုန်းတော်ကြီးကျောင်းတိုက်၊ အမှတ်(၅)ရပ်ကွက်၊ မုံးကိုးမြို့နယ်ခွဲ၊ မူဆယ်မြို့နယ်၊ ရှမ်းပြည်နယ်
၁၁။ ဘဒ္ဒန္တစန္ဒောဘာသ၊ ထေရဝါဒဗုဒ္ဓသာသနာပြုကျောင်း၊ လူငယ်ဖွံ့ဖြိုးရေးပရဟိတဂေဟာ၊ စလင်းကျေးရွာ၊ ဖယ်ခုံမြို့နယ်၊ ရှမ်းပြည်နယ်
၁၂။ ဘဒ္ဒန္တပညာနန္ဒ၊ ထေရဝါဒ ဗုဒ္ဓသာသနာပြုဗဟိုကျောင်း၊ ကျိုင်းတုံမြို့၊ ရှမ်းပြည်နယ်

**ပြည်ပဘွဲ့ခံဆရာတော်ကြီး**

၁၃။ ဘဒ္ဒန္တရေဝတ၊ ဓမ္မသုခကျောင်းတိုက်၊ နော့ဝပ်မြို့၊ ကာလီဖိုးနီးယားပြည်နယ်၊ အမေရိကန်နိုင်ငံ

*စာမျက်နှာ ၄ ကော်လံ ၁ သို့*

*စာမျက်နှာ ၃ မှ*

## သဒ္ဓမ္မဇောတိကဓဇဘွဲ့တံဆိပ်တော်

၁။ ဘဒ္ဒန္တသုစိတ္တာနန္ဒ၊ နိသောကာရာမဘုန်းတော်ကြီးသင်ပညာရေးကျောင်း၊ အလင်းတောင်ရပ်ကွက်၊ မိုးမောက်မြို့နယ်၊ ကချင်ပြည်နယ်
၂။ ဘဒ္ဒန္တဝိစာရဉာဏ၊ ထေရဝါဒဗုဒ္ဓသာသနာပြုဗဟိုတောင်တန်းကျောင်း၊ မြို့မရပ်ကွက်၊ ပူတာအိုမြို့၊ ကချင်ပြည်နယ်
၃။ ဘဒ္ဒန္တစန္ဒိမာ၊ ထေရဝါဒဗုဒ္ဓသာသနာပြုကျောင်း၊ နွားလပိုးရွာမကျေးရွာ၊ လွိုင်ကော်မြို့၊ ကယားပြည်နယ်
၄။ ဘဒ္ဒန္တနန္ဒာသီရိ၊ ထေရဝါဒဗုဒ္ဓသာသနာပြုကျောင်း၊ ပန်းအော့ကျေးရွာ၊ မင်းတပ်မြို့နယ်၊ ချင်းပြည်နယ်
၅။ ဘဒ္ဒန္တကုဏ္ဍလ၊ ထေရဝါဒဗုဒ္ဓသာသနာပြုကျောင်း၊ ကတိုးကြီးကျေးရွာ၊ ခန္တီးမြို့နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး
၆။ ဘဒ္ဒန္တအာစိဏ္ဏ၊ ထေရဝါဒဗုဒ္ဓသာသနာပြုဗဟိုဌာန၊ ဘုန်းတော်ကြီးသင်ပညာရေးကျောင်း၊ ဘုတ္တန်ကျေးရွာ၊ ခမ်းပတ်မြို့နယ်ခွဲ၊ တမူးခရိုင်၊ စစ်ကိုင်းတိုင်းဒေသကြီး
၇။ ဘဒ္ဒန္တကောသလ္လ၊ ထေရဝါဒဗုဒ္ဓသာသနာပြုဗဟိုကျောင်းတိုက်၊ လုံးဖောကျေးရွာ၊ ကော့သောင်းမြို့နယ်၊ တနင်္သာရီတိုင်းဒေသကြီး
၈။ ဘဒ္ဒန္တကုန္ဒက၊ အမှတ်(၁၈)၊ အောင်ပြည်သာဘုန်းတော်ကြီးသင်ပညာရေးကျောင်းတိုက်၊ ကျိုက်ပေါကျေးရွာ၊ ပဲခူးမြို့၊ ပဲခူးတိုင်းဒေသကြီး
၉။ ဘဒ္ဒန္တခေမာစာရ၊ သစ္စဒီပကျောင်း၊ သစ္စဝေဒဂူမိုးကုတ်ဝိပဿနာမဂ္ဂင်ရိပ်သာ ရေကြည်ကျေးရွာ၊ရေတံခွန်တောင်၊ ပုသိမ်ကြီးမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး
၁၀။ ဘဒ္ဒန္တဉာဏိဿရိယ၊ ရွှေမြို့ကြီးဂိုဏ်းထောက်ကျောင်း၊ ရွှေမြို့ကျေးရွာ၊ တပ်ကုန်းမြို့နယ်
၁၁။ ဘဒ္ဒန္တသာသနရက္ခိတ၊ သာသနာ့ရောင်ခြည်ဘုန်းတော်ကြီးသင်ပညာရေး (မူလွန်)ကျောင်း၊ အောက်လူလေကျေးရွာ၊ ကျိုက်ထိုမြို့နယ်၊မွန်ပြည်နယ်
၁၂။ ဘဒ္ဒန္တစန္ဒသူရိယ၊ ရင်းချောင်းသာသနာပြုကျောင်း၊ ရင်းချောင်းကျေးရွာ၊ မင်းပြားမြို့နယ်၊ ရခိုင်ပြည်နယ်
၁၃။ ဘဒ္ဒန္တဂါရဝ၊ ထေရဝါဒဗုဒ္ဓသာသနာပြုဌာန၊ ဘုန်းတော်ကြီးသင်ပညာရေးကျောင်း၊ ဘားဝေကျေးရွာ၊ မြေပုံမြို့နယ်၊ ရခိုင်ပြည်နယ်
၁၄။ ဘဒ္ဒန္တသီလာနန္ဒ၊ မေတ္တာဝါဒီဟသ်ာတ (ပရဟိတ)ကျောင်းတိုက်၊ (၁၆) ရပ်ကွက်၊ လှိုင်မြို့နယ်၊ရန်ကုန်တိုင်းဒေသကြီး
၁၅။ ဘဒ္ဒန္တဝိလာသ၊ ထေရဝါဒဗုဒ္ဓသာသနာပြု (ဇေတဝန်ရွှေထီး) မဟာဝန်မြို့လယ်ကျောင်းတိုက်၊ "ဝ"အထူးဒေသ(၂)၊ ပန်ဆန်းမြို့၊ ရှမ်းပြည်နယ်
၁၆။ ဘဒ္ဒန္တဉာဏောဘာသ၊ နမ့်လန်မဏ္ဍိမာရာမ (အလယ်ကျောင်း) ပရိယတ္တိစာသင်တိုက်၊ သီပေါမြို့၊ ရှမ်းပြည်နယ်
၁၇။ ဘဒ္ဒန္တသောဘိတ၊ နတ်ရေကန် သောဘိတာရာမ ပရိယတ္တိစာသင်တိုက်၊ ရပ်ကွက်(၁)၊ လားရှိုးမြို့၊ ရှမ်းပြည်နယ်
၁၈။ ဘဒ္ဒန္တဝိမလ၊ နမ့်ငေါ့ထေရဝါဒဗုဒ္ဓသာသနာပြုကျောင်း၊ နမ့်ငေါ့ကျေးရွာ၊ ကျိုင်းလပ်မြို့နယ်ခွဲ၊ တာချီလိတ်မြို့နယ်၊ရှမ်းပြည်နယ်
၁၉။ ဘဒ္ဒန္တဝဏ္ဏိတ၊ ထေရဝါဒဗုဒ္ဓသာ/ပြုကျောင်း၊ ပန်တော်သာ/ပြုဌာန၊ ပန်တော်ကျေးရွာ၊ ကျိုင်းတုံမြို့နယ်၊ရှမ်းပြည်နယ်
၂၀။ ဘဒ္ဒန္တနန္ဒဓဇ၊ ဟိုလင်းသာသနာပြုဌာန၊ ဟိုလင်းကျေးရွာ၊ မိုင်းခတ်မြို့နယ်၊ ရှမ်းပြည်နယ်
၂၁။ ဘဒ္ဒန္တကုန္ဒက၊ သဗ္ဗညုထေရဝါဒ ဗုဒ္ဓသာသနာပြုကျောင်း၊ မိုင်းဆတ်မြို့၊ ရှမ်းပြည်နယ်
၂၂။ ဘဒ္ဒန္တတိက္ခိန္ဒြိယ၊ ရွှေညောင်ပင်ကျောင်းတိုက်၊ ဘုန်းတော်ကြီးသင်မူလွန်ကျောင်း၊ ကွမ်းခြံကုန်းရွာသစ်ကျေးရွာ၊ ကျောင်းကုန်းမြို့နယ်၊ ဧရာဝတီတိုင်းဒေသကြီး

### ပြည်ပဘွဲ့ခံဆရာတော်ကြီးများ

၂၃။ Ven. Shi Yin Le (ဘဒ္ဒန္တရှိရင်လိ) Bai Ma Si ဘုရားကျောင်း Luo Yang မြို့၊ He Nan ပြည်နယ်၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ
၂၄။ Ven. Lokasanghatthero (a) Mr. Am Limheng (ဘဒ္ဒန္တလောကသံဃထေရော) Munisovann (Champukaek) ဘုရားကျောင်း Sangkat Prakthmei, Khan Meanchay, Phnom Penh ကမ္ဘောဒီးယားနိုင်ငံ
၂၅။ Ven. Dhamma Shobhana (ဘဒ္ဒန္တဓမ္မသောဘန) Bauddhasamakrita Vihara ကျောင်း Minibus Park, Dudhpati ရပ်ကွက် Bhaktapur မြို့၊ နီပေါနိုင်ငံ
၂၆။ Ven. Dr. Pallegama Siriniwasa Nayaka Thero (ဒေါက်တာဘဒ္ဒန္တပလက်ဂမသီရိနိဝါသနာယကထေရော) Sri Maha Bodhiya Temple ဘုန်းတော်ကြီးကျောင်း၊ အနုရာဓပူရမြို့၊ သီရိလင်္ကာနိုင်ငံ
၂၇။ ဘဒ္ဒန္တဝါသဝ၊ အိန္ဒိယ မြန်မာဗုဒ္ဓဘာသာကျောင်း၊ ချန်နိုင်းမြို့၊ တမီးလ်နာဒူးပြည်နယ်၊ အိန္ဒိယနိုင်ငံ
၂၈။ ဒေါက်တာဘဒ္ဒန္တသီရိန္ဒ၊ မြန်မာကျောင်း၊ ဘောဘဇာရပ်ကွက်၊ကိုလ်ကတ္တားမြို့၊ အနောက်ဘင်္ဂလားပြည်နယ်၊ အိန္ဒိယနိုင်ငံ

### သီလရှင်ဆရာကြီး

၂၉။ ဒေါ်သီလဝတီ၊ မြသိင်္ဂီသီလရှင်စာသင်တိုက်၊ သီလရှင်သင်ပညာရေးကျောင်း (ပရဟိတ)၊ ပေါင်းငူဉာဏရပ်ကွက်၊ မင်္ဂလာဒုံမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

### လူပုဂ္ဂိုလ်

၃၀။ ဦးကျော်ဝေ၊ အမှတ်(၃)၊ လမ်း ၃၀၊ ၇၀×၇၁ လမ်းကြား၊ ရွှေပြည်မန္တလာအိမ်ရာဝင်း၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး

## ကမ္မဋ္ဌာနာစရိယဘွဲ့တံဆိပ်တော်

၁။ ဘဒ္ဒန္တနန္ဒိယ၊ ရွှေစေတီသာသနာ့ရိပ်သာကျောင်းတိုက်၊ ရပ်ကွက်ကြီး(၂)၊ ပြင်ဦးလွင်မြို့နယ်၊ မန္တလေးတိုင်းဒေသကြီး
၂။ ဘဒ္ဒန္တဓမ္မပါလ၊ ဘုရားကြီးတောရကျောင်းတိုက်၊ ရွှေပြည်အေး မဟာစည်သာသနာ့ရိပ်သာ၊ ပန်းခင်းကွက်သစ်၊ ပျဉ်းမနားမြို့နယ်
၃။ ဘဒ္ဒန္တဉာဏုတ္တရ၊ မြစေတီကျောင်းတိုက်၊ အနောက်ကျောင်း၊ မိုးကုတ်ဝိပဿနာအဖွဲ့ခွဲအမှတ်(၂၂၈)၊ ဘော့သပြေကန်ကျေးရွာ၊ သန်လျင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး
၄။ ဘဒ္ဒန္တဇာနေယျ၊ ရွှေမင်းဝန်တောရကမ္မဋ္ဌာန်းကျောင်းတိုက်၊ သစ်ဆိမ့်ကုန်းရပ်ကွက်၊ မင်္ဂလာဒုံမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး
၅။ ဘဒ္ဒန္တဝဏ္ဏသာမိ၊ ဂုဏ်တော်ရိပ်သာသန္တာဦးကျောင်း၊ ရန်အောင်ကျောင်းတိုက်၊ သန္တာလမ်းမကြီး၊ (င)ရပ်ကွက်၊ မြောက်ဥက္ကလာပမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး
၆။ ဘဒ္ဒန္တခမာဝုဓ၊ ရွှေပြည်အေးသာသနာ့ရိပ်သာကျောင်းတိုက်၊ အောင်သီတာ (၈)ရပ်ကွက်၊ လားရှိုးမြို့၊ ရှမ်းပြည်နယ်(မြောက်ပိုင်း)

## အဂ္ဂမဟာသီရိသုဓမ္မဒီဂီဘွဲ့တံဆိပ်

၁။ ဒေါ်ခင်ချိုအုန်း၊ အမှတ်(၂၀၆)၊ သံသုမာလမ်းနှင့် စရည်းပင်လမ်းထောင့်၊ ၂၃ ရပ်ကွက်၊ သဃ်န်းကျွန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး
၂။ ဒေါ်ဝင်းဝင်းငွေး(ခ) မငယ်၊ အမှတ်(ဆ/၅၆)၊ ပိတောက်လမ်း၊ အမှတ်(၁) ရပ်ကွက်၊ ဘုရင့်နောင်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

## သီရိသုဓမ္မမဏိဇောတဓရဘွဲ့တံဆိပ်

၁။ ဦးမြင့်သိန်း၊ အမှတ် ၁၄၄၊ ၄၂ လမ်း၊ ရှမ်းပွဲရပ်၊ မဟာအောင်မြေမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး
၂။ ဦးကျော်ခင်မြင့်၊ အမှတ်(၁၃၄)၊ ရွှေဘုံသာလမ်း၊ အမှတ်(၆)ရပ်ကွက်၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

## သီရိသုဓမ္မဒီဂီဘွဲ့တံဆိပ်

၁။ ဒေါ်စန်းကြူ၊ မင်္ဂလာခြံ၊ ၇၃ လမ်း၊ ၂၇×၂၈ လမ်းကြား၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး
၂။ ဒေါ်ဆွေသဇင်၊ ခြံအမှတ်(၃)၊ လမ်း(၃၀)၊ ၇၀×၇၁ လမ်းကြား၊ ရွှေပြည်မန္တလာအိမ်ရာဝင်း၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး

## သီဟသုဓမ္မမဏိဇောတဓရဘွဲ့တံဆိပ်

၁။ ဦးခင်မောင်၊ အိမ်အမှတ်(၁၀၇)၊ အကွက်(၆၂၂)၊ ကဥ္စဏမဟီရပ်ကွက်၊ လမ်း ၃၀၊ ၇၉×၈၀ လမ်းကြား၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး
၂။ ဒေါက်တာဦးစိုးမြင့်၊ အမှတ်(၉)၊ မဏိမေခလာလမ်း၊ မကျည်းတန်း တောင်/အနောက်ရပ်ကွက်၊ ကြည့်မြင်တိုင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး
၃။ ဦးကျော်စိုးဝင်း(ခ)ဦးခန့်စည်သူ၊ အမှတ်(၉၀/စီ-၂)၊ ရွှေတောင်ကြား ၁ လမ်း၊ အမှတ်(၁)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

## သီဟသုဓမ္မဒီဂီဘွဲ့တံဆိပ်

၁။ ဒေါ်စမ်းစမ်း၊ အမှတ်(၁၅)၊ အကွက်အမှတ်(၃၃)၊ (၉)လမ်း၊ ၇၆×၇၇ လမ်းကြား၊ အမရဌာနီအရှေ့ရပ်ကွက်၊ အောင်မြေသာစံမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး
၂။ ဒေါ်အိကေသွယ်မင်း၊ အမှတ် ၄၊ အေ-ဝမ်း/တူး၊ အီးကွန်ဒို ဈေးမြောက်လမ်း၊ ဘုရားကြီးရပ်ကွက်၊ ဒဂုံမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး
၃။ ဒေါ်ခင်ဆွေဦး၊ တိုက်(၁)၊ အခန်း(၅/၆)၊ ပြည်ထောင်စုလမ်း၊ မြို့ဦးရိပ်မွန်၊ (၂၆)ရပ်ကွက်၊ ဒဂုံမြို့သစ်(တောင်ပိုင်း)၊ ရန်ကုန်တိုင်းဒေသကြီး

## သုဓမ္မမဏိဇောတဓရဘွဲ့တံဆိပ်

၁။ ဦးငွေးလှိုင်၊ ပန်းတိမ်ဆော်ရွာ၊ ဆားလင်းကြီးမြို့နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး
၂။ ဦးကြည်မောင်၊ အမှတ်(၁၀၃၀/၁၀၃၁)၊ သုမင်္ဂလာလမ်း၊ (၁၆/၁)ရပ်ကွက်၊ သဃ်န်းကျွန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး
၃။ ဦးမျိုးဆက်၊ ဇ/၁၃၊ ပိတောက်လမ်း၊ (၁)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

## သုဓမ္မဒီဂီဘွဲ့တံဆိပ်

၁။ ဒေါ်သန်းငွေး၊ မြို့သစ်ရပ်ကွက်၊ ချောင်းဦးမြို့၊ စစ်ကိုင်းတိုင်းဒေသကြီး
၂။ ဒေါ်ဝင်းမော်ထွန်း၊ အမှတ်(၄၄)၊ သခင်ဘိုးလှကြီးလမ်း၊ ရွှေဘုံသာရပ်၊ ရေနံချောင်းမြို့၊ မကွေးတိုင်းဒေသကြီး
၃။ ဒေါ်မြရင်၊ အမှတ်(၁၄၁/က) ရဲစုရပ်ကွက်၊ ကျောက်ဆည်မြို့၊ မန္တလေးတိုင်းဒေသကြီး
၄။ ဒေါ်တာလာဝတီ(ခ)ဒေါ်စန်းစန်း၊ အမှတ်(၁)၊ မြို့မရပ်ကွက်၊ အနော်ရထာလမ်း၊ မိုးကုတ်မြို့၊ မန္တလေးတိုင်းဒေသကြီး
၅။ ဒေါ်ထွေးထွေး(ခေါ်)ဒေါ်ရီရီထွေး၊ အမှတ်(၁၂၄)၊ ၇၃ မင်္ဂလာလမ်း၊ ၂၉×၃၀ လမ်းကြား၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး
၆။ ဒေါ်တင်တင်၊ အမှတ် ၁၈၊ ၄၅ လမ်း၊ ၈၁×၈၂ လမ်းကြား၊ ရွှေဘုန်းရှိန်ရပ်၊ မဟာအောင်မြေမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး
၇။ ဒေါ်အေးအေးမြင့်၊ ၈၀×၃၂ လမ်းထောင့်၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး
၈။ ဒေါ်အေးအေးအောင်၊ အမှတ်(ဘီ ၂၆)၊ ရတနာပုံလမ်း၊ ၆၅×၆၆ လမ်းကြား၊ အမှတ်(၁)ရပ်ကွက်၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးတိုင်းဒေသကြီး
၉။ ဒေါ်မမ(ခေါ်)ဒေါ်ကြည်ကြည်မြ၊ ၆၉ လမ်း၊ ၂၇×၂၈ လမ်းကြား၊ ပြည်ကြီးမျက်မှန်ရပ်ကွက်၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး
၁၀။ ဒေါ်ငွေးငွေးခိုင်၊ ၆၆ လမ်း၊ သိပ္ပံလမ်းနှင့် သဇင်လမ်းကြား(မ-၂၃/၂ သ+၂ဟ)၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးတိုင်းဒေသကြီး
၁၁။ ဒေါ်အေးမြင့်၊ အမှတ်(၉)၊ မြောင်းမြလမ်း၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး
၁၂။ ဒေါ်မြမြငွေး၊ အမှတ်(၅၉၈)၊ ဖောင်ကြီးလမ်း၊ အောင်မင်္ဂလာရပ်ကွက်၊ လှည်းကူးမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး
၁၃။ ဒေါ်ခင်ညွန့်၊ အမှတ်(၄၆/အီး)၊ ဖိုးစိန်လမ်းသွယ်၊ နတ်မောက်ရပ်ကွက်၊ တာမွေမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး
၁၄။ ဒေါ်ဥမ္မာလွင်၊ အမှတ်(၃၉-အေ)၊ ရှင်စောပုလမ်း၊ အောင်ချမ်းသာရပ်ကွက်၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး
၁၅။ ဒေါ်ခင်သီတာ၊ အမှတ်(၅က/၁)၊ မလိခလမ်း၊ အမှတ်(၁၀)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

(ပုံ)
**သိန်းစိန်**
**နိုင်ငံတော်သမ္မတ**
**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**

## MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

**၄-၁-၂၀၁၂ (ဗုဒ္ဓဟူးနေ့)**

**နံနက်ပိုင်း**

၅း၀၀ MRTV-4 အဖွင့် Logo ပဌာန်းပါဠိတော်+ခန္ဓသုတ်၊ မောရသုတ်၊ ဝဋ္ဋသုတ်
၅း၂၀ MRTV-4 သတင်း
၅း၄၀ **ပုဂ္ဂိုလ်မြတ်တို့၏ နှလုံးအိမ်** တရားတော် (အပြည်ပြည်ဆိုင်ရာထေရဝါဒ ဗုဒ္ဓသာသနာပြုတက္ကသိုလ် ပါမောက္ခချုပ် ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဒေါက်တာနန္ဒမာလာဘိဝံသ)
၆း၃၀ ဆည်းကပ်တိုင်းအကျိုးစုံသည့် တန်ခိုးဂုဏ်ကြီးမြတ်လှတဲ့ မဟာသွံ့သာရရုပ်ရှင်တော်မြတ်
၆း၄၅ (၆၄)နှစ်မြောက်လွတ်လပ်ရေးနေ့ နိုင်ငံတော်အလံအလေးပြုပွဲ အခမ်းအနား တိုက်ရိုက်ထုတ်လွှင့်မှုအစီအစဉ်
၇း၂၅ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **စိတ်၏စေရာ** (အပိုင်း-၇၆)
၈း၁၅ MRTV-4 သတင်း
၈း၄၅ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **ပန်းသုံးပွင့်လေညွှန်ရာ** (အပိုင်း-၂၉)
၉း၃၅ Show Room (ဟာသဇာတ်လမ်းတွဲ)(အပိုင်း-၁၇)
၉း၄၀ (၂၈)ကြိမ်မြောက် မဟာမဲခေါင်ခရီးသွားလုပ်ငန်း အဖွဲ့အစည်းအဝေး၊ ခရီးသွားပြပွဲနှင့် ဓာတ်ပုံပြပွဲ
၁၀း၂၅ သန်လျင်မြို့မင်းကျောင်း ပထမပြန် စာသင်တိုက်၏ ကျောင်းလွှတ်ပူဇာ ရေစက်ချ မင်္ဂလာအခမ်းအနား
၁၀း၄၅ မဆုတ်မနစ်ကြိုးစားခဲ့သူများ၏ အောင်မြင်သောနေ့
၁၁း၀၅ Total E-Banking Solution နှင့်မိတ်ဆက်ခြင်း
၁၁း၂၀ ပေါက်ကုန်းကြီးကျေးရွာဆီက ပညာ့အလင်းရောင်ကျောင်းတော်သာ
၁၁း၃၀ ယုဇနပလာဇာ ဂေါက်ရိုက်အသင်း၏ ဂေါက်ရိုက်ပြိုင်ပွဲ
၁၁း၅၅ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **မိုးကျရွှေကိုယ်** (အပိုင်း-၁၄)
၁၂း၂၅ နေချင်စဖွယ်အိမ်အလှဆင်ကြမယ် (contemporary) လွှမ်းခြုံထားတဲ့ အေးချမ်းသာသော သုဝဏ္ဏကအိမ်ကလေး
၁း၀၀ **ပုဂ္ဂိုလ်မြတ်တို့၏နှလုံးအိမ်** တရားတော် (အပြည်ပြည်ဆိုင်ရာထေရဝါဒ ဗုဒ္ဓသာသနာပြုတက္ကသိုလ် ပါမောက္ခချုပ် ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဒေါက်တာနန္ဒမာလာဘိဝံသ)
၂း၀၀ MRTV-4 သတင်း
၂း၂၀ ဖက်ရှင်လမ်းညွှန် (ဒီဇိုင်နာမျိုးမင်းစိုး)
၂း၅၅ ရန်ကုန်တက္ကသိုလ်မြန်မာစာ မိသားစု၏ အာစရိယပူဇော်ပွဲ
၃း၁၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **စိတ်၏စေရာ** (အပိုင်း-၇၆)
၄း၀၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **ပန်းသုံးပွင့်လေညွှန်ရာ** (အပိုင်း-၂၉)
၄း၅၅ နည်းပညာတက္ကသိုလ်(သန်လျင်) ဓာတုအင်ဂျင်နီယာ မြတ်ဆရာပူဇော်ပွဲ
၅း၁၀ ရန်ကုန်မြင်ကွင်းကျယ် (Myanmare Noble College)
၅း၃၀ MRTV -4 ရုပ်သံဇာတ်လမ်းတွဲ **မိုးကျရွှေကိုယ်** (အပိုင်း-၁၄)
၆း၀၀ MRTV -4 သတင်း
၆း၁၅ Show Room ဟာသဇာတ်လမ်းတွဲ (အပိုင်း-၁၈)
၆း၂၀ Road To လူရွှင်တော် 5 star အငြိမ့်
၆း၄၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **စိတ်၏စေရာ** (အပိုင်း-၇၇)
၇း၃၀ သင်ကြားရေးလမ်းညွှန် (မနောရမ္မပညာဒါန သင်တန်းကျောင်း)
၇း၄၅ ရန်ကုန်မြင်ကွင်းကျယ် (NELC ကျောင်းခွဲအသစ်ဖွင့်ပွဲနှင့် မိဖုရား လက်ဖက်ခြောက် မိတ်ဆက်ခြင်းအခမ်းအနား)
၈း၀၀ MRTV -4 သတင်း
၈း၃၀ သီချင်းကောင်းကောင်း သီချင်းတောင်း
၈း၅၀ Cartoon Show Time (Road Rally)
၉း၃၀ MRTV - 4 ရုပ်သံဇာတ်လမ်းတွဲ **ပန်းသုံးပွင့်လေညွှန်ရာ** (အပိုင်း-၃၀)
၁၀း၁၅ Celebrity Style (အိမ့်ချစ်)
၁၀း၃၅ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **မိုးကျရွှေကိုယ်** (အပိုင်း-၁၅)
၁၁း၀၅ World of Knowledge (Is It Real; King Aurthur)
၁၁း၅၅ ပကတိအတိုင်း
၁၂း၁၅ ရွှေတောင်မြို့မှ စည်းလုံးချည်
၁၂း၃၀ စွဲမက်ဖွယ်ရာရတနာ (ကြည်လင်အေးမြ မြကျောက်အလှ) (အပိုင်း-၂)
၁၂း၅၅ ဗိုလ်ကလေးတင့်အောင်၏ ဘဝစာမျက်နှာများ
၁း၃၀ Rh (Negative) သွေးလိုအပ်ခြင်း အကြောင်းသိကောင်းစရာ
၁း၅၀ ဆေးဖက်ဝင်ကျွဲကောပင်၏ အာဟာရတန်ဖိုးများအကြောင်း
၂း၀၀ Celebrity Profile ( Jet Li)
၂း၃၀ **Barclays Premier League Newcastle United Vs Man U**
၄း၂၅ ဟံသာဝတီမြို့ရဲ့ အထင်ကရနေရာများ
၄း၄၀ **ချစ်သောမြေ ချစ်သောရေ** (ရာဇာနေဝင်း၊ ခိုင်နှင်းဝေ၊ ဒါရိုက်တာ-ခင်နွဲ့နွဲ့မူ)
၄း၄၅ ပခန်းကြီးရှေးဟောင်း ကျောင်းတော်ကြီး
၄း၅၅ ဖူးစို့ဘုရားစုံ မြို့ဖျာပုံ
၅း၀၀ အစီအစဉ်ပြီး၏။

**MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်၊ မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တို့တွင် ရိုးရိုး VHF တီဗွီအင်တင်နာဖြင့် အလွယ်တကူဖမ်းယူ ကြည့်ရှုနိုင်ပါသည်။ တောင်ကြီးမြို့နှင့် အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် ဖမ်းယူကြည့်ရှုနိုင်ပါသည်။**

**Barclays Premier League ဘောလုံးပွဲစဉ်များ**

| နံနက်ပိုင်း | ပွဲစဉ် | ပြသမည့်လိုင်း |
|---|---|---|
| ၂း၃၀ | Everton - Bolton | (Star Sports) |
| ၂း၃၀ | Newcastle - Man U | (ESPN)(MRATV-4) |

## မြန်မာနိုင်ငံ အထက်ပိုင်းဒေသများ နေရာကွက်ကျဲမိုးဆက်လက်ရွာနိုင်

နေပြည်တော် ဇန်နဝါရီ ၃

**ယနေ့နံနက် ၉ နာရီခွဲ မိုးလေဝသတိုင်းထွာချက်အကျဉ်းချုပ်မှာ** လွန်ခဲ့သော ၂၄ နာရီအတွင်းက တနင်္သာရီတိုင်းဒေသကြီးနှင့် ကချင်ပြည်နယ်တို့တွင် နေရာစိပ်စိပ်၊ မန္တလေးတိုင်းဒေသကြီးနှင့် ရန်ကုန်တိုင်းဒေသကြီးတို့တွင် နေရာကျဲကျဲ၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ်တို့တွင် နေရာကွက်ကျားမိုးရွာခဲ့ပြီး ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းခဲ့ကာ တနင်္သာရီတိုင်းဒေသကြီးတွင် နေရာကွက်၍ မိုးကြီးခဲ့သည်။ ညအပူချိန်များမှာ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီးနှင့် မွန်ပြည်နယ်တို့တွင် ဇန်နဝါရီလ၏ ပျမ်းမျှအပူချိန်တို့ထက် ၃ ဒီဂရီစင်တီဂရိတ်မှ ၄ ဒီဂရီစင်တီဂရိတ်အထိ၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ကယားပြည်နယ်တို့တွင် ဇန်နဝါရီလ၏ ပျမ်းမျှအပူချိန်တို့ထက် ၅ ဒီဂရီစင်တီဂရိတ်မှ ၆ ဒီဂရီစင်တီဂရိတ်အထိ ပိုခဲ့ပြီး ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် ဇန်နဝါရီလ၏ပျမ်းမျှအပူချိန်ခန့်သာ ရှိခဲ့သည်။ ထူးခြားသည့် ညအပူချိန်မှာ ပင်လောင်းမြို့တွင် ၇ ဒီဂရီစင်တီဂရိတ်ဖြစ်သည်။ မှတ်သားဖွယ်ရာမိုးရေချိန်များမှာ ကော့သောင်းမြို့တွင် ၃ ဒသမ ၁၅ လက်မနှင့် ရန်ကုန်မြို့လယ်တွင် ၁ ဒသမ ၁၄ လက်မတို့ဖြစ်ကြသည်။

**ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ** ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းနေသည်။

**မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ** လှိုင်းအသင့်အတင့်ရှိမည်။

**နောက်နှစ်ရက်အတွက်ခန့်မှန်းချက်မှာ** မြန်မာနိုင်ငံအထက်ပိုင်းဒေသများတွင် နေရာကွက်ကျား မိုးဆက်လက်ရွာနိုင်သည်။

**နေပြည်တော်၊ ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့ အနီးတစ်ဝိုက်တွင်** ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်သည်။

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ (၆၄)နှစ်မြောက် လွတ်လပ်ရေးနေ့

## ကမ္ဘာ့နိုင်ငံအသီးသီးမှ ဂုဏ်ယူဝမ်းမြောက်ကြောင်း သဝဏ်လွှာများပေးပို့

ရန်ကုန် ဇန်နဝါရီ ၄

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ ၂၀၁၂ ခုနှစ် ဇန်နဝါရီ ၄ ရက်တွင် ကျရောက်သော (၆၄)နှစ်မြောက် လွတ်လပ်ရေးနေ့အခါသမယတွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်၊ ဒုတိယသမ္မတ သီဟသူရဦးတင်အောင်မြင့်ဦး၊ ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းနှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်တို့ထံသို့ ကမ္ဘာ့နိုင်ငံအသီးသီးမှ နိုင်ငံအကြီးအကဲများနှင့် နိုင်ငံခြားရေးဝန်ကြီးများက ဂုဏ်ယူဝမ်းမြောက်ကြောင်း သဝဏ်လွှာများ အသီးသီးပေးပို့ကြသည်။**

### တရုတ်ပြည်သူ့သမ္မတနိုင်ငံ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ ၂၀၁၂ ခုနှစ် ဇန်နဝါရီ ၄ ရက်၌ ကျရောက်သော (၆၄)နှစ်မြောက် လွတ်လပ်ရေးနေ့အခါသမယတွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သမ္မတ မစ္စတာဟူကျင်ထောင်းက ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။

အဆိုပါသဝဏ်လွှာတွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ (၆၄)နှစ်မြောက် လွတ်လပ်ရေးနေ့အခါသမယတွင်အဆွေတော်နှင့်တကွမြန်မာပြည်သူများအားဝမ်းမြောက် ဂုဏ်ယူစွာနှုတ်ခွန်းဆက်ပါကြောင်း၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်တွင် အဆွေတော်၏အစိုးရအဖွဲ့အသစ် တာဝန်ယူပြီးကတည်းကစတင်ကာ နိုင်ငံတည်ငြိမ်အေးချမ်းမှု၊ ပြည်သူများ၏ လူနေမှုဘဝ တိုးတက်ဖွံ့ဖြိုးမှုများဖြစ်ပေါ်ခဲ့ကြောင်း၊ ဒီမိုကရေစီနိုင်ငံရေးစနစ်သစ် ပြုပြင်ပြောင်းလဲမှုများတွင်လည်း အောင်မြင်မှုများ ရရှိခဲ့ပါကြောင်း၊ ထို့အတူ နိုင်ငံတကာ ဆက်ဆံရေးများကိုလည်း တိုးချဲ့အောင်မြင်ရန် ဆောင်ရွက်နိုင်ခဲ့ပါကြောင်း၊ တရုတ်နှင့်မြန်မာနှစ်နိုင်ငံအကြား ဆွေမျိုးပေါက်ဖော်ဆက်ဆံရေးမှ ပိုမိုမြင့်မားသည့်ဆက်ဆံရေးသို့တိုးမြှင့်နိုင်ခဲ့ကြောင်း၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်နှင့်အတူ အနာဂတ်ကာလတွင် ဘက်ပေါင်းစုံအကျိုးတူပူးတွဲဆောင်ရွက်မည့် ကုန်သွယ်ဖက်နိုင်ငံအဖြစ် ဆက်လက်ပူးပေါင်းကြိုးစားသွားမည်ဖြစ်ပါကြောင်း၊ မြန်မာနိုင်ငံသူ၊ နိုင်ငံသားများအား လွတ်လပ်ရေးနေ့အခါသမယတွင် ကျန်းမာချမ်းသာကြပါစေရန် ဆုမွန်ကောင်းများတောင်းပါကြောင်း စသည်ဖြင့် ပါရှိသည်။

ထို့အတူ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံ တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံတော်ကောင်စီဝန်ကြီးချုပ် မစ္စတာဝမ်ကြားပေါင်က ဂုဏ်ယူဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။

အဆိုပါသဝဏ်လွှာ၌ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ (၆၄)နှစ်မြောက် လွတ်လပ်ရေးနေ့အခါသမယတွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံအစိုးရအဖွဲ့ကိုယ်စား အဆွေတော်နှင့် မြန်မာနိုင်ငံသူ၊ နိုင်ငံသားများအား ဂုဏ်ယူဝမ်းမြောက်စွာ နှုတ်ခွန်းဆက်ပါကြောင်း၊ နှစ်နိုင်ငံအပြန်အလှန်ချစ်ကြည်ရင်းနှီးမှုများ ဆက်လက်တည်ဆောက်သွားမည်ဖြစ်ပါကြောင်း၊ မြန်မာနှင့် တရုတ် နှစ်နိုင်ငံအကြား နိုင်ငံရေး၊ စီးပွားရေး၊ ယဉ်ကျေးမှု စသည့်နယ်ပယ်စုံတွင် ပူးပေါင်းဆောင်ရွက်မှုများအလေးထား ပြုလုပ်သွားမည်ဖြစ်ပါကြောင်း၊ အဆွေတော်နှင့် မြန်မာနိုင်ငံသူ၊ နိုင်ငံသားများ ကျန်းမာချမ်းသာကြစေရန် ဆုမွန်ကောင်းများတောင်းပါကြောင်း ဖော်ပြပါရှိသည်။

တစ်ဖန် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယသမ္မတ သီဟသူရဦးတင်အောင်မြင့်ဦးနှင့် ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းတို့ထံသို့ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဒုတိယသမ္မတရှီကျင့်ဖျင်က ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ (၆၄)နှစ်မြောက် လွတ်လပ်ရေးနေ့အခါသမယတွင် ဂုဏ်ယူဝမ်းမြောက်ကြောင်း သဝဏ်လွှာများပေးပို့ခဲ့သည်။ တရုတ်နိုင်ငံခြားရေးဝန်ကြီး မစ္စတာ ရန်ကျဲချီကလည်း မြန်မာနိုင်ငံခြားရေးဝန်ကြီး ဦးဝဏ္ဏမောင်လွင်ထံ လွတ်လပ်ရေးနေ့ သဝဏ်လွှာပေးပို့သည်။

### အိန္ဒိယသမ္မတနိုင်ငံ

၂၀၁၂ခုနှစ် ဇန်နဝါရီ ၄ ရက်၌ ကျရောက်သော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ (၆၄)နှစ်မြောက် လွတ်လပ်ရေးနေ့အခါသမယတွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတဦးသိန်းစိန်ထံသို့ အိန္ဒိယသမ္မတနိုင်ငံ သမ္မတ မစ္စစ်ပရာတီဘာဒေဗီဆင်းပတေးလ်ထံမှ လွတ်လပ်ရေးနေ့သဝဏ်လွှာပေးပို့သည်။

အဆိုပါ သဝဏ်လွှာ၌ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ (၆၄)နှစ်မြောက် လွတ်လပ်ရေးနေ့အခါသမယတွင် မိမိနှင့် အိန္ဒိယပြည်သူများကိုယ်စား အဆွေတော် ကျန်းမာချမ်းသာစေရန် ဆုမွန်ကောင်းတောင်းပါကြောင်း၊ အိန္ဒိယနှင့် မြန်မာနိုင်ငံတို့သည် လွန်ခဲ့သောရာစုနှစ်များကတည်းက ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုများ ပြုလုပ်ခဲ့ကြပါကြောင်း၊ အဆွေတော်သမ္မတကြီး ၂၀၁၁ ခုနှစ် အောက်တိုဘာလအတွင်းက အိန္ဒိယနိုင်ငံသို့လာရောက်လည်ပတ်မှုသည် နှစ်နိုင်ငံချစ်ကြည်ရင်းနှီးမှု ပိုမိုခိုင်မာစေပြီး ဆက်ဆံရေးတိုးတက်လာခဲ့ပါကြောင်း၊ ဆက်လက်ပြီးတော့လည်း နှစ်နိုင်ငံဆက်ဆံရေးကို မြှင့်တင်သွားလိုပါကြောင်း စသည်ဖြင့် ဖော်ပြပါရှိသည်။

### ထိုင်းနိုင်ငံ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ (၆၄)နှစ်မြောက် လွတ်လပ်ရေးနေ့အခါသမယတွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံသို့ ထိုင်းနိုင်ငံဘုရင် ဘူမိဘောအဒူရာဒက်ဂျ်က ဂုဏ်ယူဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။

အဆိုပါသဝဏ်လွှာ၌ အဆွေတော်နှင့်တကွ မြန်မာနိုင်ငံသူ၊ နိုင်ငံသားများအား လွတ်လပ်ရေးနေ့အခါသမယတွင် ဂုဏ်ယူဝမ်းမြောက်စွာ နှုတ်ခွန်းဆက်သပါကြောင်း၊ အဆွေတော်ကိုယ်စိတ်နှစ်ဖြာကျန်းမာချမ်းသာစေရန်နှင့် မြန်မာနိုင်ငံသူ၊ နိုင်ငံသားများ သာယာဝပြောစေရန် ဆုမွန်ကောင်းများတောင်းပါကြောင်း စသည်ဖြင့် ဖော်ပြပါရှိသည်။

ထို့အတူ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ (၆၄)နှစ်မြောက် လွတ်လပ်ရေးနေ့ အခါသမယတွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံသို့ ထိုင်းနိုင်ငံဝန်ကြီးချုပ် မစ္စ ရင်လတ်ရှင်နာဝပ်က ဂုဏ်ယူဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။

ယင်းသဝဏ်လွှာ၌ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ လွတ်လပ်ရေးနေ့အခါသမယတွင် ထိုင်းနိုင်ငံအစိုးရနှင့် ထိုင်းနိုင်ငံပြည်သူများကိုယ်စား အဆွေတော်ထံသို့ ဂုဏ်ယူဝမ်းမြောက်ကြောင်း နှုတ်ခွန်းဆက်ပါကြောင်း၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဖွံ့ဖြိုးတိုးတက်စေရန်နှင့် မြန်မာနိုင်ငံသူ၊ နိုင်ငံသားများ ကျန်းမာချမ်းသာကြစေရန် ဆုမွန်ကောင်းများတောင်းပါကြောင်း ဖော်ပြပါရှိသည်။

တစ်ဖန် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ (၆၄)နှစ်မြောက် လွတ်လပ်ရေးနေ့ အခါသမယတွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်ထံသို့ ထိုင်းနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး ဆူရာ ပွန်တိုဝီချက်ခ်ချိုင်းကူးလ်က ဂုဏ်ယူဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။

### စင်ကာပူသမ္မတနိုင်ငံ

၂၀၁၂ ခုနှစ် ဇန်နဝါရီ ၄ ရက်တွင် ကျရောက်သော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ (၆၄)နှစ်မြောက် လွတ်လပ်ရေးနေ့ အခါသမယတွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတဦးသိန်းစိန်ထံသို့ စင်ကာပူသမ္မတနိုင်ငံ သမ္မတ မစ္စတာ တိုနီတန်ကင်ယမ်းထံမှ လွတ်လပ်ရေးနေ့သဝဏ်လွှာပေးပို့သည်။

အဆိုပါသဝဏ်လွှာတွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ (၆၄)နှစ်မြောက်လွတ်လပ်ရေးနေ့အခါသမယ၌ စင်ကာပူသမ္မတနိုင်ငံပြည်သူများကိုယ်စား မိမိအနေဖြင့် အဆွေတော်ကျန်းမာချမ်းသာစေရန် ဆုမွန်ကောင်းတောင်းပါကြောင်း၊ ပြီးခဲ့သည့်နှစ်က မြန်မာနိုင်ငံ၏ ပါလီမန်ဒီမိုကရေစီစနစ်သို့ ကူးပြောင်းခြင်းကို အသိအမှတ်ပြုပါကြောင်း၊ အမျိုးသားပြန်လည်သင့်မြတ်ရေးကြိုးပမ်းမှုများ ဆက်လက်လုပ်ဆောင်နိုင်လိမ့်မည်ဟုယုံကြည်ပါကြောင်း၊ နှစ်နိုင်ငံအပြန်အလှန်အကျိုးဖြစ်ထွန်းစေမည့် နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်ရေးအတွက် စင်ကာပူနိုင်ငံက မြန်မာနိုင်ငံနှင့်အတူ ဆက်လက်လုပ်ဆောင်သွားမည်ဖြစ်ပါကြောင်း၊ ၂၀၁၅ ခုနှစ်တွင် အာဆီယံအသိုက်အဝန်း ဘုံရည်မှန်းချက်အောင်မြင်စေရန် အာဆီယံအတွင်း ပူးပေါင်းဆောင်ရွက်မှုကိုလည်း မြှင့်တင်သွားမည်ဖြစ်ပါကြောင်း စသည်ဖြင့်ဖော်ပြပါရှိသည်။

အလားတူ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံသို့ စင်ကာပူသမ္မတနိုင်ငံဝန်ကြီးချုပ် မစ္စတာလီရှန်လုံးကလည်း လွတ်လပ်ရေးနေ့ သဝဏ်လွှာပေးပို့ထားသည်။ သဝဏ်လွှာတွင် မြန်မာနိုင်ငံက ၂၀၁၄ ခုနှစ် အာဆီယံ ဥက္ကဋ္ဌတာဝန်ယူမည်ကို စင်ကာပူနိုင်ငံကထောက်ခံပါကြောင်း၊ နိုင်ငံအကြားဆက်ဆံရေးတိုးမြှင့်နိုင်လိမ့်မည်ဟုယုံကြည်ပါကြောင်း စသည်ဖြင့်ဖော်ပြပါရှိသည်။ စင်ကာပူသမ္မတနိုင်ငံနိုင်ငံခြားရေးဝန်ကြီး မစ္စတာ မူရဒ်မယ်ဒဲလ်စီကလည်း မြန်မာနိုင်ငံခြားရေးဝန်ကြီး ဦးဝဏ္ဏမောင်လွင်ထံသို့ လွတ်လပ်ရေးနေ့ သဝဏ်လွှာပေးပို့ထားသည်။

### ကမ္ဘောဒီးယားနိုင်ငံ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ (၆၄)နှစ်မြောက် လွတ်လပ်ရေးနေ့အခါသမယတွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတဦးသိန်းစိန်ထံသို့ ကမ္ဘောဒီးယားနိုင်ငံဘုရင် နိုရိုဒွန်သီဟာမိုနီက ဂုဏ်ယူဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။

အဆိုပါသဝဏ်လွှာ၌ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ (၆၄)နှစ်မြောက် လွတ်လပ်ရေးနေ့အခါသမယတွင် အဆွေတော်ထံသို့ ဝမ်းမြောက်ကြောင်း နှုတ်ခွန်းဆက်ပါကြောင်း၊ အဆွေတော်ကျန်းမာချမ်းသာစေရန်နှင့် မြန်မာနိုင်ငံသူ၊ နိုင်ငံသားများ သာယာဝပြောကာ တိုးတက်ဖြစ်ထွန်းမှုများ ရရှိနိုင်ပါစေရန် ဆုမွန်ကောင်းများတောင်းပါကြောင်း၊ မြန်မာနှင့်ကမ္ဘောဒီးယား နှစ်နိုင်ငံအကြား နီးနီးကပ်ကပ် ပူးပေါင်းဆောင်ရွက်ပြီး ချစ်ကြည်ရင်းနှီးမှုများ ဖြစ်ထွန်းတိုးတက်ရေးအတွက် ကြိုးစားသွားမည်ဖြစ်ပါကြောင်း စသည်ဖြင့် ဖော်ပြပါရှိသည်။

ထို့အတူ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ (၆၄)နှစ်မြောက် လွတ်လပ်ရေးနေ့ အခါသမယတွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံသို့ ကမ္ဘောဒီးယားနိုင်ငံဝန်ကြီးချုပ် မစ္စတာ ဆမ်ဒက်ဟွန်ဆမ်က ဝမ်းမြောက်ကြောင်းသဝဏ်လွှာ ပေးပို့သည်။

အဆိုပါသဝဏ်လွှာတွင် ကမ္ဘောဒီးယားအစိုးရနှင့် ပြည်သူများကိုယ်စား အဆွေတော်နှင့် မြန်မာနိုင်ငံသူ၊ နိုင်ငံသားများထံသို့ ဆုမွန်ကောင်းများ တောင်းပါကြောင်း၊ အာဆီယံမိသားစုဝင်နိုင်ငံများဖြစ်သည့်အတွက် မိမိတို့နှစ်နိုင်ငံအကြား ချစ်ကြည်ရင်းနှီးမှုများ လေးနက်ခိုင်မာခဲ့ပါကြောင်း၊ အနာဂတ်ကာလတွင်လည်း မြန်မာနိုင်ငံနှင့် ကမ္ဘောဒီးယားနှစ်နိုင်ငံအကြား မိတ်ဆွေကောင်းများအဖြစ် ဆက်လက်ရပ်တည်သွားမည်ဖြစ်ပါကြောင်း၊ နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်မှုများ နီးနီးကပ်ကပ် လက်တွဲဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ အဆွေတော် ကျန်းမာချမ်းသာစေရန် ဆုမွန်ကောင်းများ တောင်းပါကြောင်း စသည်ဖြင့် ဖော်ပြပါရှိသည်။

တစ်ဖန် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ (၆၄)နှစ်မြောက် လွတ်လပ်ရေးနေ့အခါသမယတွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်ထံသို့ ကမ္ဘောဒီးယားနိုင်ငံ ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးနှင့် အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာနဝန်ကြီး မစ္စတာ ဟော်နမ်ဟောင်ကလည်း ဂုဏ်ယူဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။

*(ဆက်လက်ဖော်ပြပါမည်)*

နိုင်ငံတကာသတင်းများ နိုင်ငံတကာသတင်းများ နိုင်ငံတကာသတင်းများ

ဖော်ဦးခိုင်–စုစည်းသည်

## သုံးဖက်မြင် ရုပ်မြင်သံကြားလိုင်း တရုတ်နိုင်ငံတွင် ထုတ်လွှင့်မည်

*ပေကျင်း ဇန်နဝါရီ ၃*

*တရုတ်နိုင်ငံတွင် သုံးဖက်မြင်ရုပ်မြင်သံကြားလိုင်း ထုတ်လွှင့်ပြသရန် စတင်ဆောင်ရွက်လျက်ရှိကြောင်း ဇန်နဝါရီ ၂ ရက်ကသတင်းများတွင်ဖော်ပြသည်။*

*သုံးဖက်မြင်ရုပ်မြင်သံကြားလိုင်းကို CCTVနှင့် ဒေသတွင်းရုပ်သံထုတ်လွှင့်ရုံငါးရုံတို့ ပူးပေါင်းဆောင်ရွက်ခြင်းဖြစ်ပြီး လာမည့်တရုတ်နှစ်သစ်ကူးတွင် ပုံမှန်ထုတ်လွှင့်ပြသမှုစတင်နိုင်ရန် ဆောင်ရွက်လျက်ရှိသည်။ပြသချိန် လေးနာရီခွဲရှိသည့် သုံးဖက်မြင်ရုပ်မြင်သံကြားအစီအစဉ်များကို တစ်နေ့လျှင်နှစ်ကြိမ် ထုတ်လွှင့်မည်ဖြစ်ပြီး 3D TVများဖြင့် ဖမ်းယူကြည့်ရှုနိုင်မည်ဖြစ်သည်။*

*ဂျပန်၊ တောင်ကိုရီးယားနှင့် အိန္ဒိယနိုင်ငံတို့သည်လည်း သုံးဖက်မြင်ရုပ်မြင်သံကြားလိုင်းများ ထုတ်လွှင့်ပြသနိုင်ရေးဆောင်ရွက်လျက်ရှိသည့်နိုင်ငံများဖြစ်သည်။*

*“တရုတ်နိုင်ငံရဲ့ ရုပ်မြင်သံကြားလိုင်းတွေမှာ ယခု 3D ရုပ်မြင်သံကြားလိုင်းတစ်လိုင်း ထုတ်လွှင့်နိုင်ရေးကို စတင်နေပါပြီ” ဟု နိုင်ငံပိုင်ရေဒီယို၊ ရုပ်ရှင်နှင့် တယ်လီဗီးရှင်းဌာနအကြီးအကဲ ချန်ဖူချောင်က ပြောကြားခဲ့သည်။ တရုတ်နိုင်ငံတွင်သုံးဖက်မြင်ရုပ်မြင်သံကြား ပုံမှန်ထုတ်လွှင့်လာချိန်တွင် ယခင်သုံးစွဲနေသည့် TV အလုံးပေါင်းသန်း ၅၀၀ကို 3D TV များဖြင့် အစားထိုးလဲလှယ်ကြမည်ဖြစ်သဖြင့် စက်မှုကဏ္ဍတွင် ကြီးစွာသော အမြတ်အစွန်းရရှိရန်ရှိနိုင်ကြောင်း သတင်းတွင်သုံးသပ်ထားသည်။*

(အင်တာနက်)

## ဂျူပီတာဂြိုဟ်နှင့် လတို့ အလင်းရောင်ပိုမိုတောက်ပမည်

**ဝါရှင်တန် ဇန်နဝါရီ ၃**

အာကာသရှိ လနှင့် ဂျူပီတာဂြိုဟ်တို့သည် လာမည့် ဇန်နဝါရီ ၅ ရက် ညအချိန်တွင် အလင်းရောင်အတောက်ပဆုံး အနေအထားအဖြစ် မြင်တွေ့ကြရမည်ဖြစ်ကြောင်း အာကာသရေးရာ အမေရိကန်သုတေသနပညာရှင်များက ဇန်နဝါရီ ၃ ရက်၌ ထုတ်ဖော် ပြောကြားသည်။ **(ယာပုံ)**

ထိုသို့ အလင်းတောက်ပမှုသည် လက်ရှိအနေအထားအရ အာကာသအတွင်း အတောက်ပဆုံးကြယ်တာရာဟု သတ်မှတ်ထားသည့် စီးရီးရပ်စ်ထက် အလင်းရောင်တောက်ပမှု သုံးဆခန့် ပိုမိုတောက်ပမည်ဖြစ်သည်။

ထို့အတူ လ၏အလင်းရောင်သည် မူလတောက်ပမှုထက် နှစ်ဆမှ သုံးဆခန့်အထိ ပိုမိုတောက်ပလာမည်ဖြစ်သည်။ ထိုသို့အလင်းရောင်တောက်ပမှုမှာ ရာသီဥတုကောင်းမွန်မှသာ ကမ္ဘာမှ မြင်တွေ့နိုင်မည်ဖြစ်သည်။

ထိုသို့ အလင်းရောင်တောက်ပနေချိန်တွင် ဂျူပီတာဂြိုဟ်မှာ သောကြာဂြိုဟ်၏ အရှေ့ဘက်တွင် ရောက်ရှိနေမည် ဖြစ်သည်။ လမှာ အလွန်တောက်ပသော အလင်းကို အချိန်အနည်းငယ်သာဖြစ်ပေါ်မည်ဟု သုတေသနပညာရှင်များက ပြောကြားသည်။ **(အင်တာနက်)**

## ၁၆ နှစ်ကြာပျောက်ဆုံးနေသော လက်ထပ်လက်စွပ်လေးတစ်ကွင်း စိုက်ခင်းအတွင်း မုန်လာဥနီကိုနုတ်ယူစဉ် စွပ်လျက်သားတွေ့ရှိ

*မိုရာ ဇန်နဝါရီ ၃*

*ဆွီဒင်နိုင်ငံသူ အိမ်ထောင်ရှင်မတစ်ဦး၏ ပျောက်ဆုံးနေသော မင်္ဂလာလက်ထပ်လက်စွပ်လေးတစ်ကွင်းသည် ၁၆ နှစ်တာအချိန်ကာလအကြာတွင် သစ်ဥသစ်ဖုနုတ်စဉ် မုန်လာဥနီတစ်လုံး၌စွပ်လျက်သားပါလာသည်ကို ထူးဆန်းစွာပြန်လည်တွေ့ရှိခဲ့သည်။*

### *ပျောက်ဆုံးခဲ့*

*လီနာပါလ်ဆန်ဆိုသူ ဆွီဒင်သူသည် နိုင်ငံအလယ်ပိုင်း မိုရာအရပ်၌ မိသားစုနှင့်အတူ ဥယျာဉ်ခြံမြေစိုက်ပျိုးကာ နေထိုင်နေရသော်လည်း မင်္ဂလာခန်းဝင်ပစ္စည်းများတွင် တန်ဖိုးအထားရဆုံး သူမ၏လက်ထပ်လက်စွပ် ပျောက်ဆုံးနေခဲ့သဖြင့် ၁၆နှစ်ကြာမျှ တမြည့်မြည့် နှမြောတသဖြစ်နေခဲ့ရသည်။ ရွှေဖြူတွင် စိန်ပွင့်ငယ် ခုနစ်ပွင့်ခြယ်ကာ သူကိုယ်တိုင် စိတ်ကူးဒီဇိုင်းဆင်သွန်းလုပ်စေခဲ့သည့် မင်္ဂလာလက်စွပ်သည် ၁၉၉၅ ခုနှစ် ခရစ္စမတ်ကာလ ပွဲတော်ပျော်ရွှင်ပွဲအတွက် ချက်ပြုတ်ကြော်လှော်စဉ် မီးဖိုချောင်အတွင်း ပျောက်ဆုံးခဲ့ခြင်းဖြစ်သည်။*

*မိမိအမှတ်တရ တန်ဖိုးအထားဆုံးလက်စွပ်ကို ပြန်လည်တွေ့ရှိနိုင်ဖို့အရေး နေရာမျိုးစုံတွင် အချိန်ရသလောက် လီနာတစ်ယောက် ရှာဖွေခဲ့ရသည်။ နေအိမ်အား ပြန်လည်မွမ်းမံစဉ်ကလည်း မီးဖိုချောင်ကြမ်းပြင်ပြားများကို ခွာလှုပ်ပြီး လက်စွပ်ပျောက်ကို ရှာပုံတော်ဖွင့်ခဲ့သည်။ ၁၆ နှစ်လုံးလုံး လီနာတို့ တစ်မိသားစုလုံး အိမ်အတွင်း နေရာအနှံ့လက်စွပ်တွေ့လေမလား စိတ်ဖြင့်ရှာဖွေခဲ့ရသည်မှာ ဒီဇင်ဘာ ၃၁ ရက် နံနက်ခင်း၌ ပြည့်ဖုံးကားချအဆုံးသတ်စေခဲ့ပြီဖြစ်သည်။*

### *အံ့သြဖွယ်တွေ့ရှိ*

*နံနက်ခင်းတွင် အိမ်၏ဥယျာဉ်ခြံထဲဆင်းကာ မုန်လာဥနီများ နုတ်နေခဲ့သော လီနာသည် သူမဆွဲနုတ်လိုက်သည့် မုန်လာဥနီလေးတစ်လုံး၌ အရောင်လက်လက်အရာတစ်ခုကို ဖျတ်ခနဲ တွေ့လိုက်သည်။ ထိုအရောင်လက်လက်အရာသည် လုံးဝမျှော်လင့်မထားသော မိမိ၏ လက်ထပ်လက်စွပ်လေးဖြစ်နေသည်။ လက်စွပ်အလယ်တွင် အပင်ပေါက်ကြီးထွားလာခဲ့ပြီးနောက် ဥနီလေးမှာ လက်စွပ်စွပ်ထားသကဲ့သို့ဖြစ်နေသည်ကို အံ့သြဖွယ်တွေ့ရှိလိုက်ခြင်းဖြစ်သည်။* ***(အပေါ်ပုံ)***

*ထိုကဲ့သို့ သူတို့၏မင်္ဂလာအထိမ်းအမှတ်လေး ၁၆ နှစ်ကြာ ပျောက်ဆုံးခဲ့ပြီးမှ ထူးဆန်းစွာပြန်လည်တွေ့ရှိပုံကို လီနာနှင့် သူ့ခင်ပွန်းသည် အိုလာတို့က နှစ်ကူးအခါသမယ၌ သတင်းဌာနသို့ သတင်းပေးပို့ခဲ့သည်။* ***(အင်တာနက်)***

# ဒဂုံမြို့သစ် စံပြစက်မှုလယ်ယာကေ (၁၀၀၀၀)အထူးဇုန်စိုက်ကွင်း

## ပုလဲသွယ် စပ်မျိုးစပါး မျိုးစေ့ထုတ်စိုက်ခင်း ဖြစ်ထွန်းအောင်မြင်

ရန်ကုန် ဇန်နဝါရီ ၃

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင်သည် ယနေ့နံနက် ၈ နာရီတွင် ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ် စံပြစက်မှုလယ်ယာကေ ၁၀၀၀၀ စိုက်ကွင်းရှိ IBTC Group ၏ International Sum Moon Star Agriculture ကုမ္ပဏီ၏ ပုလဲသွယ်စပ်မျိုးစပါး မျိုးစေ့ထုတ်စိုက်ခင်းဧက ၅၀၀ သို့ ရောက်ရှိပြီး ပုလဲသွယ်စပ်မျိုးစပါး မျိုးစေ့ထုတ်စိုက်ခင်း ဧက ၅၀၀ အတွင်း ဖြစ်ထွန်းအောင်မြင်နေသော ပုလဲသွယ်စပ်မျိုးစပါး ၅၅ ရက်သား စိုက်ခင်းအခြေအနေနှင့် ပုလဲသွယ်စပ်မျိုးစပါး ဧက ၅၀၀ မျိုးစေ့ထုတ်အကောင်အထည်ဖော်မည့် အခြေအနေများကို ကြည့်ရှုအားပေးသည်။

ထို့နောက် International Sum Moon Star Agriculture ကုမ္ပဏီမှ တာဝန်ရှိသူများ၊ ဝန်ထမ်းများနှင့်အတူ သိပ္ပံနည်းကျ ပေါင်စနစ်ဖြင့် ပျိုးထောင်ရန်ပြင်ဆင်ထားသော ပျိုးပေါင်ပေါ်၌ R လိုင်း(အဖိုလိုင်း) မျိုးစေ့များကို ပါဝင်မျိုးစေ့ချပေးသည်။ **(ယာပုံ)**

ယင်းနောက် စပါးခင်းအနီး၌ စိုက်ပျိုးရေးလုပ်သားများ၊ ဝန်ထမ်းများ နေ့စဉ်ဖူလုံစွာစားသုံးနိုင်ရန် အဆင့်မြင့် ရေပေးစနစ်၊ ရေဖျန်းကိရိယာ (Sprinkler) တို့ဖြင့် စိုက်ပျိုးထားသော ဟင်းသီးဟင်းရွက်စိုက်ခင်းကို လည်းကောင်း၊ စိုက်ကွင်းအတွင်း စက်ယန္တရားများဖြင့် လုပ်ငန်းဆောင်ရွက်နေမှုများကိုလည်းကောင်း ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

**သမဝါယမဝန်ကြီးဌာနနှင့် မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအုန်းမြင့် ဇမ္ဗူသီရိမြို့နယ် ရွှေကြာပင်ရပ်ကွက် စာပန်းခင်းစာကြည့်တိုက်၌ မြို့နယ်အသင်းစုနှင့် အသင်းရှစ်သင်းမှ အသင်း ဒါရိုက်တာအဖွဲ့ဝင်များ၊ အသင်းသားများအား ဆွေးနွေးပြောကြားစဉ်။**

(သတင်းစဉ်)

# သမဝါယမလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစဉ်များ စဉ်ဆက်မပြတ် ဆက်စပ်ပေါင်းစပ် အကောင်အထည်ဖော် ဆောင်ရွက်

နေပြည်တော် ဇန်နဝါရီ ၃

ကျေးလက်နေပြည်သူများ၏ စားဝတ်နေရေး အဆင်ပြေအောင် ဆောင်ရွက်ခြင်းသည် ကျေးလက်ဒေသဖွံ့ဖြိုးရေးအတွက် ဆောင်ရွက်ခြင်းပင်ဖြစ်ကြောင်း၊ ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျှော့ချရေးလုပ်ငန်းစဉ်များ အကောင်အထည်ဖော်ရာတွင် မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာနသည် မွေးမြူရေးနှင့် သားငါးထုတ်လုပ်ရေး ကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်ကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသကဲ့သို့ သမဝါယမဝန်ကြီးဌာနသည် သမဝါယမလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်ကို အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း၊ ကျန်လုပ်ငန်းစဉ်များကိုလည်း စဉ်ဆက်မပြတ် ဆက်စပ်ပေါင်းစပ် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်းဖြင့် သမဝါယမဝန်ကြီးဌာနနှင့် မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအုန်းမြင့်က ယနေ့ မွန်းလွဲပိုင်းတွင် နေပြည်တော်ကောင်စီနယ်မြေ ဇမ္ဗူသီရိမြို့နယ် ရွှေကြာပင်ရပ်ကွက် စာပန်းခင်းစာကြည့်တိုက်၌ မြို့နယ်အသင်းစုနှင့် အသင်းရှစ်သင်းမှ အသင်း ဒါရိုက်တာအဖွဲ့ဝင်များ၊ အသင်းသားများအားတွေ့ဆုံစဉ် ဆွေးနွေးပြောကြားခဲ့သည်။

### မှာယူတင်သွင်း

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးက စိုက်ပျိုးရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် လက်မှုလယ်ယာစနစ်မှ စက်မှုလယ်ယာစနစ်သို့ ကူးပြောင်းရေးကို ဆောင်ရွက်လျက်ရှိကြောင်း၊ ထိုသို့ ဆောင်ရွက်ရာတွင် သမဝါယမဝန်ကြီးဌာနအနေဖြင့် သမဝါယမအသင်း၊ အစုအဖွဲ့များအား တန်ဖိုးနည်းပြီး စွမ်းဆောင်ရည်မြင့်မားသော ရိတ်သိမ်းခြွေလှေ့စက်၊ လယ်ထွန်စက်များအား လုပ်ငန်းရှင်များနှင့် ပေါင်းစပ်ကာ ပြည်ပမှ မှာယူတင်သွင်းပြီး ဆောင်ရွက်ပေးလျက်ရှိကြောင်း။

ကျေးလက်နေပြည်သူများ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်လာစေရန်အတွက် စိုက်ပျိုးရေးလုပ်ငန်း လုပ်ကိုင်သူ တောင်သူလယ်သမားများအား ကိုယ်ပိုင်ရိတ်သိမ်းခြွေလှေ့စက်၊ လက်တွန်းထွန်စက်များဖြင့် ဆောင်ရွက်နိုင်ရေးကိုလည်း ဦးတည်ဆောင်ရွက်လျက်ရှိကြောင်း၊ လက်မှုလယ်ယာစနစ်မှ စက်မှုလယ်ယာစနစ်သို့ ကူးပြောင်းပြီးပါက လက်ရှိအသုံးပြုနေသော နွားများအား မျိုးကောင်း မျိုးသန့် မျိုးရည်ချောင်းများ အသုံးပြုကာ နို့စားနွားများအဖြစ် မျိုးဗီဇပြုပြင်ပြောင်းလဲ မွေးမြူသွားမည်ဖြစ်ကြောင်း၊ မျိုးဗီဇပြောင်းလဲမျိုးပွားနိုင်ရေးအတွက် မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးဌာနက မျိုးကောင်းမျိုးသန့်မျိုးရည်ချောင်းများနှင့် နည်းပညာများ၊ ကုသရေးဆိုင်ရာများကို ကူညီဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်းဖြင့် ဆွေးနွေးပြောကြားသည်။

### ရှင်းလင်းဆွေးနွေး

ထို့အပြင် ကျေးလက်နေပြည်သူများ၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်လာစေရေးအတွက် အပိုဝင်ငွေ ရရှိစေရန် စိုက်ပျိုးရေးနှင့်မွေးမြူရေးကို တွဲဖက်လုပ်ဆောင်နိုင်မှုအခြေအနေ၊ ကျေးလက်နေပြည်သူများအနေဖြင့် ဝက်မျိုးကောင်းမျိုးသန့်များကို ဒိုက်ဦးဝက်မွေးမြူရေးခြံမှ သမဝါယမနည်းလမ်းများ အသုံးပြုကာ အကြွေးစနစ်ဖြင့် ဖြန့်ဖြူးပေးနိုင်မည့်အခြေအနေ၊ အိမ်တိုင်းတွင် ၄ ပေ ပတ်လည် ငါးမွေးမြူရေးကန်များ တူးဖော်ပြီး ငါးမျိုးများ ထည့်သွင်းပေးမည့် အခြေအနေ၊ ဒေသကြက်၊ ဘဲ မျိုးကောင်းမျိုးသန့်များအား သမဝါယမနည်းလမ်းများဖြင့် ဖြန့်ဖြူးပေးနိုင်မည့် အခြေအနေ၊ သမဝါယမဝန်ကြီးဌာနအနေဖြင့် လုပ်ငန်းရှင်များနှင့်ပေါင်းစပ်ကာ စားသုံးသူသမဝါယမအသင်းများကို နေပြည်တော်၊ ရန်ကုန်၊ မန္တလေးမြို့များတွင် ဖွဲ့စည်းပြီး စားသုံးသူလက်ဝယ်သို့အရောက် ဖြန့်ဖြူးရောင်းချပေးနိုင်မည့် အခြေအနေနှင့် ရေချိုး ရေငန်များအား တိုင်းဒေသကြီး၊ ပြည်နယ်၊ မြို့နယ်များရှိ စားသုံးသူသမဝါယမအသင်းများမှတစ်ဆင့် ဖြန့်ဖြူးရောင်းချမည့် အခြေအနေများကို ဖြည့်စွက်ရှင်းလင်းဆွေးနွေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# နေပြည်တော်လွှတ်တော်ရုံးသို့ လွှတ်တော်ကိုယ်စားလှယ်များ သတင်းပို့ကြရန်

နေပြည်တော် ဇန်နဝါရီ ၃

လွှတ်တော် တတိယပုံမှန်အစည်းအဝေးများကို နေပြည်တော်ရှိ လွှတ်တော်အစည်းအဝေးခန်းမများ၌ ၂၀၁၂ ခုနှစ် ဇန်နဝါရီ ၂၆ ရက်(ကြာသပတေးနေ့) နံနက် ၁၀ နာရီတွင် စတင်ကျင်းပရန် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနှင့် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌတို့က ခေါ်ယူထားရာ အဆိုပါအစည်းအဝေးသို့တက်ရောက်ရန် ဖိတ်စာများကို လွှတ်တော်ကိုယ်စားလှယ်များထံသို့ ပေးပို့ထားသည်။

လွှတ်တော်ကိုယ်စားလှယ်များအနေဖြင့် အစည်းအဝေးအတွက် လိုအပ်သည့် ပြင်ဆင်မှုများပြုလုပ်နိုင်ရန် ဖိတ်စာလက်ခံရရှိသည်ဖြစ်စေ၊ မရရှိသည်ဖြစ်စေ နေပြည်တော်လွှတ်တော်ရုံးသို့ ၂၀၁၂ ခုနှစ် ဇန်နဝါရီ ၂၃ ရက်ထက်မစော ၂၄ ရက်ထက် နောက်မကျစေဘဲ သတင်းပို့ကြရန်နှင့် ကိုယ်စားလှယ်အသိအမှတ်ပြုလွှာနှင့် ကိုယ်စားလှယ်စိစစ်ရေးကတ်ပြားတို့ကို ယူဆောင်လာကြရန်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# အထက(၃) မုံရွာ (၁၂)ကြိမ်မြောက် မြတ်ဆရာပူဇော်ပွဲကျင်းပမည်

နေပြည်တော် ဇန်နဝါရီ ၃

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့ အမှတ်(၃)အခြေခံပညာ အထက်တန်းကျောင်း၌ ပညာသင်ကြားပေးခဲ့ကြသော အသက်(၆၀)ပြည့် အငြိမ်းစား ဆရာကြီး ဆရာမကြီးများအား ကျောင်းသားကျောင်းသူဟောင်းများက (၁၂)ကြိမ်မြောက် မြတ်ဆရာပူဇော်ကန်တော့ပွဲနှင့် ကြည်နူးဖွယ် တွေ့ဆုံပွဲအခမ်းအနားကို ဇန်နဝါရီ ၂၈ ရက် (စနေနေ့)တွင် အထက (၃) ကျောင်းခန်းမ၌ ကျင်းပမည်ဖြစ်ရာ ကျောင်းသား ကျောင်းသူဟောင်းများအားလုံး စုံညီစွာတက်ရောက်ကြရန် ဖိတ်ကြားထားသည်။

အလှူငွေနှင့် ပစ္စည်းများ လှူဒါန်းလိုပါက ကျောင်းအုပ်ကြီး၊အထက(၃) ဖုန်း- ၀၇၁-၂၁၁၇၆၊ ဦးမြင့်ဆွေ ဖုန်း-၀၉-၂၁၁၀၂၂၃၊ ဦးမျိုးဟန် ဖုန်း-၀၉-၂၁၀၀၅၃၃၊ ဒေါ်ခင်ချိုထွေး ဖုန်း-၀၉-၂၁၃၃၁၄၈၊ ဒေါ်တင့်ထူးလှိုင်(သိင်္ဂီ) ဖုန်း-၀၉-၂၁၃၂၀၉၇၊ ကိုလင်းပြည့်စုံ ဖုန်း-၀၉-၅၀၂၂၇၈၉၊ ကိုမင်းသူကျော် ဖုန်း-၀၉-၂၁၃၀၈၃၃ တို့ထံသို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

**ရန်ကုန်တိုင်းဒေသကြီး မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့မှ ကျင်းပသည့် (၆၄)နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် ကလေးပြိုင်ပွဲနှင့် သားကောင်းမိခင်ပြိုင်ပွဲ ဆုချီးမြှင့်ပွဲအခမ်းအနားကို ဇန်နဝါရီ ၃ ရက်က ရန်ကုန်မြို့ရှိ အပြည်ပြည်ဆိုင်ရာကုန်သွယ်မှုဗဟိုဌာန (IBC) ၌ ကျင်းပရာ တိုင်းဒေသကြီး မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့နာယက ဒေါ်ခင်သက်ဌေး ဆုရရှိသော ကလေးများနှင့် သားကောင်းမိခင်များအား ဆုချီးမြှင့်စဉ်။**

(၁၂၂)

**ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ် (မြောက်ပိုင်း) (၂၇) ရပ်ကွက် ပိတောက်ရိပ်မွန်အိမ်ရာနှင့် စစ်ကိုင်းမြို့ ပန်ဘဲတန်းရပ်နေ ကွယ်လွန်သူ ဦးမောင်လှိုင်၊ သား မောင်စိုးမင်းလှိုင်တို့အား ရည်စူး၍ ဇနီး ဒေါ်ခင်မေနှင့်သားသမီးမြေးတစ်စုတို့က ထာဝရအထွေထွေ ပဒေသာပင်အတွက် အလှူငွေ ကျပ်တစ်သိန်းကို နှင်းဆီကုန်းဘိုးဘွားရိပ်သာကြီး အမှုဆောင်အဖွဲ့ ဒုတိယဥက္ကဋ္ဌ ဦးအောင်သန်းထံ ပေးအပ်လှူဒါန်းစဉ်။**

(နှင်းဆီကုန်းဘိုးဘွားရိပ်သာ)

# မိုးရေချိန် စံချိန်သစ်

နေပြည်တော် ဇန်နဝါရီ ၃

ဇန်နဝါရီ ၃ ရက် နံနက် ၉ နာရီခွဲ အချိန် တိုင်းထွာချက်များအရ အောက်ဖော်ပြပါစခန်း၌ ဇန်နဝါရီလ၏ ၂၄ နာရီအတွင်း ရွာသွန်းခဲ့သော မိုးရေချိန် စံချိန်သစ်များကို တိုင်းထွာရရှိပါသည်-

| စဉ် | စခန်းအမည် | မိုးရေချိန် စံချိန်သစ် | | စံချိန်ဟောင်း | | ယခင်စံချိန် ကျိုးခဲ့သည့်နှစ် | စံချိန်ကျိုးသည့် နှစ်ပေါင်း |
|---|---|---|---|---|---|---|---|
| | | မီလီမီတာ | လက်မ | မီလီမီတာ | လက်မ | | |
| ၁။ | ကော့သောင်း | ၈၀ | ၃. ၁၅ | ၆၉ | ၂. ၇၂ | ၅-၁-၁၉၆၇ | ၆၆ |

# ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ

ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးလှထွန်း လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။
(သတင်းစဉ်)

**နေပြည်တော် ဇန်နဝါရီ ၃**

ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယမန်နေ့နှင့် ယနေ့တို့တွင် နေပြည်တော်ရှိ ဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ကျင်းပရာ ပြည်ထောင်စုဝန်ကြီး ဦးလှထွန်း၊ ဒုတိယဝန်ကြီး ဦးဝင်းသန်း၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥက္ကဋ္ဌ ဦးသန်းညိန်း၊ ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာနရှိ ဦးစီးဌာနနှင့် လုပ်ငန်းများမှ ဦးဆောင်ညွှန်ကြားရေးမှူးများ၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ အထွေထွေမန်နေဂျာများ၊ ညွှန်ကြားရေးမှူးများ၊ မြန်မာ့စီးပွားရေးဘဏ် တိုင်းဒေသကြီးနှင့် ပြည်နယ်မန်နေဂျာများ၊ ပြည်တွင်းအခွန်များဦးစီးဌာန တိုင်းဒေသကြီးနှင့် ပြည်နယ်အခွန်ဦးစီးဌာနမှူးများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

**အလေးအနက်ထား**

အစည်းအဝေးတွင် ပြည်ထောင်စုဝန်ကြီး ဦးလှထွန်းက နိုင်ငံတော်၏စီးပွားရေးရည်မှန်းချက်များကို အထောက်အကူပြုစေမည့်ဘဏ္ဍာရေး၊ ငွေရေးကြေးရေးနှင့် အခွန်ဆိုင်ရာ လုပ်ငန်းတာဝန်များ၊ ရည်မှန်းချက်များ ပြည့်မီကျော်လွန်စေရေးအတွက် စီမံချက်များ၊ နည်းလမ်းများ ချမှတ်ကာ ဝိုင်းဝန်းအကောင်အထည်ဖော်ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ လုပ်ငန်းတာဝန်များဆောင်ရွက်ရာတွင် ဥပဒေ၊ နည်းဥပဒေ၊ စည်းမျဉ်း၊ လုပ်ထုံးလုပ်နည်းများကို ကျွမ်းကျင်ပိုင်နိုင်စွာ နားလည်သဘောပေါက်ပြီး တိကျမှန်ကန် မြန်ဆန်စွာ၊ တာဝန်သိစွာ၊ ရိုးဖြောင့်စွာ စိတ်ရင်းစေတနာအမှန်ဖြင့် အလေးအနက်ထား ဆောင်ရွက်ကြရန် အထူးအရေးကြီးကြောင်း။

နိုင်ငံတော်၏ ဦးတည်ချက်၊ ရည်မှန်းချက်များကို သိရှိနားလည်စွာဖြင့် ဌာနအလိုက် လုပ်ငန်းတာဝန်များ ပြည့်မီအောင်မြင်စေရန် ဟန်ချက်ညီညီ ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ ဘဏ်လုပ်ငန်းဝန်ဆောင်မှုများ ဆောင်ရွက်ရာတွင် ချိုသာပျူငှာသည့် ပြောဆိုဆက်ဆံမှု၊ တိကျမှန်ကန်မြန်ဆန်သည့် လုပ်ငန်းဆောင်ရွက်မှုစသဖြင့် တာဝန်ကျေပွန်စွာ ထမ်းဆောင်ကြရန် ဖြစ်ကြောင်း၊ အခွန်စည်းကြပ်ကောက်ခံရာတွင် အခွန်ကင်းလွတ်မှုမရှိစေအောင်၊ ဖြစ်သင့်ဖြစ်ထိုက်ရသင့်ရထိုက်သော အခွန်ငွေများကို အပြည့်အဝရရှိအောင် တာဝန်ရှိသူအဆင့်ဆင့်က ကြီးကြပ်၍ ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ မိမိတာဝန်ထမ်းဆောင်ရာ လုပ်ငန်းနယ်ပယ်၏ သဘောသဘာဝနှင့် ပြောင်းလဲတိုးတက်လျက်ရှိသည့် အခြေအနေများကို မျက်ခြည်မပြတ်စူးစမ်းလေ့လာခြင်းနှင့် ဝန်ထမ်းများ လုပ်ငန်းစွမ်းဆောင်ရည် တိုးတက်မြင့်မားလာစေရန် လေ့ကျင့်သင်ကြားပေးခြင်း (Research and Training) လုပ်ငန်းစဉ်များကို စဉ်ဆက်မပြတ် အကောင်အထည်ဖော် ဆောင်ရွက်သွားကြရန် လိုကြောင်းဖြင့် မှာကြားသည်။

**ရှင်းလင်းပြောကြား**

ထို့နောက် မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥက္ကဋ္ဌ ဦးသန်းညိန်းက ဘဏ်လုပ်ငန်းကဏ္ဍနှင့် ငွေရေးကြေးရေးကဏ္ဍတို့တွင် လုပ်ငန်းဆောင်ရွက်မှုများ၊ ရှေ့ဆက်လက်ဆောင်ရွက်သွားမည့် အစီအမံများကို ရှင်းလင်းတင်ပြပြီး ဒုတိယဝန်ကြီး ဦးဝင်းသန်းက ဦးစီးဌာနနှင့် လုပ်ငန်းများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များကိုဖြည့်စွက် ရှင်းလင်းပြောကြားခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

**မြန်မာ့ကျောက်မျက်ရတနာပြပွဲ ပြပွဲဗဟိုကော်မတီနာယက သတ္တုတွင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသိန်းထိုက် ကျောက်စိမ်းအတွဲများကို အများဆုံးဝယ်ယူသူအား ဂုဏ်ပြုမှတ်တမ်းနှင့် အမှတ်တရလက်ဆောင် ပေးအပ်စဉ်။** (သတင်းစဉ်)

# နှစ်လယ်မြန်မာ့ကျောက်မျက်ရတနာပြပွဲ အောင်မြင်စွာ ကျင်းပပြီးစီး

**နေပြည်တော် ဇန်နဝါရီ ၃**

မြန်မာ့ကျောက်မျက်ရတနာပြပွဲ ပြပွဲဗဟိုကော်မတီက ကြီးမှူးကျင်းပသည့် ၂၀၁၁ ခုနှစ် နှစ်လယ်မြန်မာ့ကျောက်မျက်ရတနာပြပွဲကို နေပြည်တော်ရှိ မဏိရတနာကျောက်စိမ်းခန်းမ၌ နောက်ဆုံးနေ့အဖြစ် ယနေ့ဆက်လက်ကျင်းပရာ ပြည်တွင်း ပြည်ပရတနာကုန်သည်များသည် ဈေးပြိုင်စနစ်ဖြင့်ရောင်းချသည့် ကျောက်စိမ်းအတွဲများကို စိတ်ဝင်တစားဝယ်ယူကြပြီး မဏိရတနာကျောက်စိမ်းခန်းမ ပထမထပ်ရှိ လက်ဝတ်ရတနာ ပစ္စည်းအရောင်းဆိုင်များ၌လည်း ကြည့်ရှုလေ့လာဝယ်ယူကြသည်။

မွန်းလွဲပိုင်းတွင် ပြပွဲဗဟိုကော်မတီနာယက သတ္တုတွင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသိန်းထိုက်သည် မဏိရတနာကျောက်စိမ်းခန်းမအတွင်း ဈေးပြိုင်စနစ်ဖြင့် ကျောက်စိမ်းအတွဲများရောင်းချနေမှုကို ကြည့်ရှုအားပေးပြီး ကျောက်စိမ်းအတွဲများကို အများဆုံးဝယ်ယူသည့် ဟောင်ကောင်မှ Mr. Lin Xibin အား ဂုဏ်ပြုမှတ်တမ်းနှင့် အမှတ်တရလက်ဆောင်ပေးအပ်သည်။

**အမှတ်တရလက်ဆောင်ပေးအပ်**

နံနက်ပိုင်းကလည်း ပြပွဲဗဟိုကော်မတီအတွင်းရေးမှူး ဦးသိန်းဆွေက ကျောက်မျက်အတွဲများကို အများဆုံးဝယ်ယူသည့် ကျောက်စိမ်းနဂါးကုမ္ပဏီမှ ဦးခင်ဇော်အား ဂုဏ်ပြုမှတ်တမ်းနှင့် အမှတ်တရလက်ဆောင်ပေးအပ်သည်။

ပြပွဲတွင် ပြည်တွင်းပြည်ပရတနာကုန်သည်များက ကျောက်စိမ်းအတွဲပေါင်း ၈၂၉၀ တွဲ ဝယ်ယူကြပြီး ၂၀၁၁ ခုနှစ် နှစ်လယ်မြန်မာ့ကျောက်မျက်ရတနာပြပွဲ အောင်မြင်စွာ ကျင်းပပြီးစီးသွားပြီ ဖြစ်သည်။ **(သတင်းစဉ်)**

## မြန်မာ့ရုပ်မြင်သံကြား

**၄-၁-၂၀၁၂ (ဗုဒ္ဓဟူးနေ့)**

**နံနက်ပိုင်း**

၆:၄၅ ၁။ **၂၀၁၂ ခုနှစ် (၆၄)နှစ်မြောက် လွတ်လပ်ရေးနေ့ နိုင်ငံတော် အလံအလေးပြုပွဲ အခမ်းအနားကျင်းပပုံတိုက်ရိုက် ထုတ်လွှင့်မှုအစီအစဉ်**
၇:၄၅ ၂။ **(၆၄)နှစ်မြောက်လွတ်လပ်ရေး နေ့ဂုဏ်ပြုအစီအစဉ်**
၈:၂၅ ၃။ **လွတ်လပ်ရေးနေ့ဂုဏ်ပြု အစီအစဉ်**
ပြန်ကြားရေးဝန်ကြီးဌာန၊ နိုင်ငံတော်ဆိုင်းဝိုင်းအဖွဲ့ဖျော်ဖြေခန်း
၈:၄၅ ၄။ **ကညင်ရေလှောင်တမံ**
၈:၅၅ ၅။ International News
၉:၀၀ ၆။ အစီအစဉ်ပြီး၏။

**ညပိုင်း**

၄:၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
၄:၀၅ ၂။ ပြည်ထောင်စုတိုင်းရင်းသား ရိုးရာတေးသံသာ
၄:၁၀ ၃။ မြူးမြူးကြွကြွယဉ်ကျေးမှုအက
၄:၂၀ ၄။ အဆိုပြိုင်ပွဲ
၄:၃၀ ၅။ **ကလေးများအတွက် အကောင်းဆုံး**
၄:၄၀ ၆။ နားဝင်ပီယံသူ့လက်သံ
၄:၅၀ ၇။ အဝေးသင်တက္ကသိုလ် ပညာရေးရုပ်မြင်သံကြား သင်ခန်းစာ
- ပထမနှစ် (အင်္ဂလိပ်စာအထူးပြု) (အင်္ဂလိပ်စာ)
၅:၀၅ ၈။ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေးတေးများ
၅:၁၀ ၉။ သီချင်းကြီးပဒေသာ
၅:၂၀ ၁၀။ International Science News
၅:၃၀ ၁၁။ တေးဂီတအစီအစဉ်
၅:၄၀ ၁၂။ ရုပ်ဖွယ်စုံလင်အာဆီယံအစီအစဉ်
၅:၅၀ ၁၃။ **(၆၄)နှစ်မြောက်လွတ်လပ်ရေး နေ့ဂုဏ်ပြုအစီအစဉ်**
၆:၀၀ ၁၄။ ညနေခင်းသတင်း
၆:၁၅ ၁၅။ မိုးလေဝသအခြေအနေ
၆:၂၀ ၁၆။ မြန်မာ့ဓလေ့ရိုးရာလက်ဖွဲ့
၆:၃၅ ၁၇။ ရွှေရင်ခုန်သံ
၇:၀၅ ၁၈။ ဆိုကြမယ်၊ ပျော်ကြမယ်
၇:၅၀ ၁၉။ **(၆၄)နှစ်မြောက်လွတ်လပ်ရေးနေ့ ဂုဏ်ပြုအစီအစဉ်**
၈:၀၀ ၂၀။ ပြည်တွင်းသတင်း
၂၁။ နိုင်ငံတကာသတင်းများ
၂၂။ မိုးလေဝသအခြေအနေ
၂၃။ **သမိုင်းမော်ကွန်းထွန်းသစ် ဝေစည်မြန်မာပြည်**
ဘိုးဘွားအမွေပေး လွတ်လပ်ရေး အသက်ပေးလို့ရယ် ဒို့ကာကွယ်
၂၄။ ပျော်ရွှင်ရင်ခုန်ပြကွက်စုံ
၂၅။ နိုင်ငံခြားဇာတ်လမ်းတွဲ **အချစ်ဆုံး** (အပိုင်း-၂၁)
၂၆။ ရုပ်မြင်သံကြားဂုဏ်ပြုဇာတ်လမ်း **ရအောင်ယူ၊ မြဲအောင်ထိန်း**
ထွန်းထွန်းဝင်း၊ညီညီနေနိုင်၊ ဆုမြတ်ရွှေစင်၊သူသူဟံသာ (ဒါရိုက်တာ-သက်တင်)

**ရှမ်းပြည်နယ် ကျိုင်းတုံမြို့နယ် စည်ပင်သာယာရေးအဖွဲ့က ပုံကျဈေးသည်များအား အသေးစားချေးငွေ ထုတ်ပေးခြင်းအခမ်းအနားကို ဒီဇင်ဘာ ၂၅ ရက်က မြို့နယ်စည်ပင်ခန်းမ၌ကျင်းပရာ အမှုဆောင်အရာရှိ ဦးကျော်မိုးထွန်းက ပုံကျဈေးသည် ၅၅ ဦးအား ချေးငွေကျပ် ၂၄၅ သိန်း ထုတ်ချေးပေးစဉ်။** (ခရိုင် ပြန်/ဆက်)

# နိုင်ငံရေးပါတီမှတ်ပုံတင်ခွင့်များ လာရောက်လျှောက်ထားလျက်ရှိ

**နေပြည်တော် ဇန်နဝါရီ ၃**

ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်သည် နိုင်ငံရေးပါတီမှတ်ပုံတင်ခွင့် လျှောက်ထားချက်များကို စိစစ်ခွင့်ပြုပေးလျက်ရှိရာ ၂၀၁၂ ခုနှစ် ဇန်နဝါရီ ၃ ရက်တွင် မြန်မာအမျိုးသားကွန်ဂရက် (Myanmar National Congress) က ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်သို့ နိုင်ငံရေးပါတီမှတ်ပုံတင်ခွင့်လာရောက် လျှောက်ထားခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

**ရန်ကုန်တိုင်းဒေသကြီး မှော်ဘီမြို့နယ် တပ်ကြီးကုန်းကျေးရွာ၌ (၆၄)နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် မီနီမာရသွန်အမျိုးသား၊ အမျိုးသမီးအပြေးပြိုင်ပွဲနှင့်ပျော်ပွဲရွှင်ပွဲများကို ဇန်နဝါရီ ၁ ရက်ကကျင်းပရာ ပြိုင်ပွဲ၌ ဆုရရှိသူတစ်ဦးအား ကျေးရွာအုပ်ချုပ်ရေးမှူး ဦးညွန့်ထွေးက ဆုချီးမြှင့်စဉ်။** (မြို့နယ် ပြန်/ဆက်)

*✻ ကျောဖုံးမှ*

ချယ်လ်ဆီးအသင်းက ဝူလ်ဗာဟမ်တန်အသင်း အိမ်ကွင်းတွင် နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရခဲ့သည်။ ချယ်လ်ဆီးအသင်းသည် လွန်ခဲ့သော ငါးပွဲကစားရာတွင် ပထမဆုံးအကြိမ် အနိုင်ရခြင်းလည်း ဖြစ်သည်။ ချယ်လ်ဆီးအသင်းအတွက် အဖွင့်ဂိုးကို ရာမီရက်စ်က သွင်းယူပေးခဲ့သည်။ သို့သော် ဝူလ်ဗာဟမ်တန်အသင်းမှ စတီဖင်ဝတ်က စတီဖင်ဖလက်ချာ၏ ဖြတ်တင်ဘောမှတစ်ဆင့် ချေပဂိုးသွင်းယူခဲ့သည်။ ပွဲပြီးရန် တစ်မိနစ်အလိုတွင် ချယ်လ်ဆီးကွင်းလယ်ကစားသမား လမ်းပတ်က အက်ရှ်လေကိုးလ်၏ လှပသောဖြတ်တင်ဘောမှတစ်ဆင့် မြေမကျဘဲ ကန်သွင်းယူခဲ့ခြင်းဖြစ်သည်။

အာဆင်နယ်အသင်းက ဖူလ်ဟမ်အသင်းအိမ်ကွင်းသို့ သွားရောက်ယှဉ်ပြိုင်ကစားရာ နှစ်ဂိုး-တစ်ဂိုးဖြင့် ရှုံးနိမ့်ခဲ့ရသည်။ ညှော့သည်အသင်းအာဆင်နယ်သည် ပထမပိုင်း ၄၅ မိနစ်တွင် ဖူလ်ဟမ်အသင်းကို အသာစီးမှကစားနိုင်ခဲ့သည်။ ပွဲချိန် ၂၁ မိနစ်တွင် ကော့စ်စီနီက အာဆင်နယ်အသင်းအတွက် ခေါင်းတိုက်ဂိုးဖြင့် သွင်းယူခဲ့သည်။ သို့သော် အာဆင်နယ်အသင်းမှ ဂျိုဟန်ဒရူးသည် ဒုတိယပိုင်းတွင် နှစ်ဝါတစ်နီဖြင့် ထွက်ခဲ့ရသည်။ ပွဲချိန် ၈၅ မိနစ်တွင် ဆစ်ဝဲလ်က ဖူလ်ဟမ်အသင်းအတွက် ချေပဂိုးသွင်းယူခဲ့သည်။ အိမ်ရှင်ဖူလ်ဟမ်အသင်းအတွက် အနိုင်ဂိုးကို ဘော့ဘီဇာမိုရာက ပွဲပြီးရန် တစ်မိနစ်အလိုတွင် သွင်းယူပေးခဲ့သည်။

ဆွမ်ဆီးအသင်းသည် အက်စ်တွန်ဗီလာအသင်း၏ အိမ်ကွင်းတွင် နက်သန်ဒိုင်ယာနှင့် ဝိန်းရော့လက်တို့၏ဂိုးများဖြင့် အနိုင်ရခဲ့သည်။ ဆွမ်ဆီးအသင်း၏ ယင်းအနိုင်ရမှုသည် ယခုနှစ်ပရီမီယာလိဂ်တွင် ပထမဆုံးအဝေးကွင်းအနိုင်ရမှုဖြစ်သည်။ စတုတ်အသင်းက ဘလက်ဘန်းအသင်းအိမ်ကွင်းတွင် တိုက်စစ်မှူး ပီတာခရော့ချ်၏ သွင်းဂိုးများဖြင့် အနိုင်ရခဲ့ခြင်းဖြစ်သည်။ ပွဲချိန် ၁၇ မိနစ်နှင့် ၄၅ မိနစ်တို့တွင် ပီတာခရော့ချ်က စတုတ်အသင်းအတွက် ဂိုးများကို သွင်းယူပေးခဲ့ခြင်းဖြစ်သည်။ ဘလက်ဘန်းအသင်းအတွက် တစ်လုံးတည်းသော ချေပဂိုးကို ၆၉ မိနစ်တွင် ဂွတ်ဝီလ်လီက သွင်းယူပေးခဲ့ခြင်းဖြစ်သည်။ ဘလက်ဘန်းအသင်းသည် ယခုနှစ်ရာသီတွင် အိမ်ကွင်း ၁၀ ပွဲ ကစားခဲ့ရာ ရှစ်ပွဲရှုံးနိမ့်ခဲ့သည်။ နော့ဝှစ်ကလည်း ကျူပီအာအသင်း အိမ်ကွင်းတွင် နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရခဲ့သည်။ **(အင်တာနက်)**

# ဖေဖော်ဝါရီ(၁)ရက်တွင် ဖွင့်လှစ်မည့်ထီဖွင့်ပွဲမှစ၍ အထူးဆုကြီးအဖြစ် ကျပ်သိန်း ၁၅၀၀ ဖွင့်လှစ်ပေးသွားမည်

**နေပြည်တော် ဇန်နဝါရီ ၃**

ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ပြည်တွင်းအခွန်များဦးစီးဌာန အောင်ဘာလေသိန်းဆုဌာနခွဲသည် ဖေဖော်ဝါရီ ၁ ရက်တွင်ဖွင့်လှစ်မည့် (၂၇၇) ကြိမ်မြောက် ထီဖွင့်ပွဲမှစ၍ အထူးဆုကြီးအဖြစ် ကျပ်သိန်း ၁၅၀၀ အား တိုးမြှင့်၍ အကြိမ်စဉ်အလိုက် ဖွင့်လှစ်ပေးသွားမည်ဖြစ်ကြောင်း သိရှိရသည်။

ခွဲဝေပေးမည့် ဆုမဲအရေအတွက်မှာ ကျပ်သိန်း ၁၅၀၀ တစ်ဆု၊ ကျပ်သိန်း ၁၀၀၀ တစ်ဆု၊ ကျပ်သိန်း ၅၀၀ တစ်ဆု၊ ကျပ်သိန်း ၃၀၀ နှစ်ဆု၊ ကျပ်သိန်း ၂၀၀ လေးဆုနှင့် ကျပ်သိန်း ၁၀၀ မင်္ဂလာစုံတွဲ ယူနစ် ၁၅ ယူနစ် အပါအဝင် ဆုမဲပေါင်း ၁၆၁၉၃ ဖြစ်သည်။

(၂၇၆)ကြိမ်မြောက် အောင်ဘာလေသိန်းထီဖွင့်ပွဲထက် ဆုမဲပေါင်း ၁၁၈၆ ဆု တိုးမြှင့်ခွဲဝေပေးမည်ဖြစ်သည်။

အထူးဆုကြီး တန်ဖိုးကျပ်သိန်း ၁၅၀၀ တိုးမြှင့်ဖွင့်လှစ်ပေးခြင်းကြောင့် ထီလက်မှတ်တန်ဖိုးပြောင်းလဲမှုမရှိဘဲ ရောင်းချပေးမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

(၆၄)နှစ်မြောက် လွတ်လပ်ရေးနေ့ ဂုဏ်ပြုဆောင်းပါး
(၆၄)နှစ်မြောက် လွတ်လပ်ရေးနေ့ ဂုဏ်ပြုဆောင်းပါး
(၆၄)နှစ်မြောက် လွတ်လပ်ရေးနေ့ ဂုဏ်ပြုဆောင်းပါး
(၆၄)နှစ်မြောက် လွတ်လပ်ရေးနေ့ ဂုဏ်ပြုဆောင်းပါး

*(ယမန်နေ့မှအဆက်)*

## သွက်လက်တက်ကြွသော နိုင်ငံတကာဆက်ဆံရေးမျက်နှာစာ

အစိုးရသစ်လက်ထက်တွင် ထူးထူးခြားခြား အောင်မြင်မှု အရှိဆုံးဟု အများကအသိအမှတ်ပြုခံရသည့် ကဏ္ဍတစ်ရပ်မှာ နိုင်ငံတကာဆက်ဆံရေး ဖြစ်သည်။ စင်စစ်၌ နိုင်ငံတကာဆက်ဆံရေးသည်လည်း ပြည်တွင်းနိုင်ငံရေးနှင့် ဆက်စပ်နေသည်သာဖြစ်၏။ “အိမ်သာ၍ ဧည့်လာသည်” ဆိုသကဲ့သို့ ပြည်တွင်းနိုင်ငံရေး အခြေအနေက အမျိုးသားပြန်လည်ပေါင်းစည်းညီညွတ်ရေး လင်းရောင်ခြည်များ ပေါ်ပေါက်ယှက်သန်းလာသောအခါ နိုင်ငံတကာဆက်ဆံရေးကဏ္ဍ၌လည်း အရုဏ်ဦးလေပြည်နုတို့ တိုက်ခတ်လာခဲ့ခြင်း ဖြစ်ပေသည်။

၂၀၁၁ ခုတွင် ပေါ်ပေါက်လာသည့် နိုင်ငံတော်အစိုးရသစ်အနေဖြင့် ပြီးခဲ့သည့်နှစ်အတွင်း နိုင်ငံတကာဆက်ဆံရေးနယ်ပယ်၌ ထူးထူးခြားခြား ပေါက်မြောက်အောင်မြင်မှုနှစ်ရပ် ရှိခဲ့သည်။ ပထမအောင်မြင်မှုမှာ ဒေသတွင်း နိုင်ငံရေး၌ အရေးပါသော

၃၁-၁၂-၂၀၁၁ ရက်တွင် ဖွင့်လှစ်ခဲ့သော မြန်မာနိုင်ငံ၏ အရှည်ဆုံးတံတားဖြစ်သည့် ဧရာဝတီတံတား(ပခုက္ကူ)ကို တွေ့ရစဉ်။

အိန္ဒိယနိုင်ငံသို့ သွားရောက်ခဲ့သည့် ချစ်ကြည်ရေးခရီးစဉ်၌ နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့်ဇနီး ဒေါ်ခင်ခင်ဝင်းတို့အား အိန္ဒိယသမ္မတနိုင်ငံ သမ္မတ မစ္စစ် ပရာတီဘာဒေဗီဆင်းပတေးလ်နှင့် ဝန်ကြီးချုပ် မန်မိုဟန်ဆင်းတို့က နယူးဒေလီမြို့ရှိ သမ္မတအိမ်တော်ဝင်း၌ ကြိုဆိုနှုတ်ဆက်ကြစဉ်။

## အားသစ် မာန်

အာဆီယံအလှည့်ကျ ဥက္ကဋ္ဌနေရာကို ၂၀၁၄ ခုနှစ်တွင် မြန်မ
တာဝန်ယူဆောင်ရွက်ခွင့် ရရှိခဲ့ခြင်းဖြစ်သည်။

အစိုးရအဖွဲ့သစ်၏ စေတနာမှန်သော လက်တွေ့ပြ
ပြောင်းလဲရေးလုပ်ရပ်များဖြင့် ဒေသတွင်းအသင်းဝင်နိုင်ငံမျ
ယုံကြည်မှုကို ရယူတည်ဆောက်နိုင်ခဲ့ပြီး ၂၀၁၁ ခုနှစ် နိုဝင်ဘ
တွင် ကျင်းပခဲ့သည့် အင်ဒိုနီးရှားနိုင်ငံ ဘာလီ အာဆီယံထိပ်
ညီလာခံ၌ ၂၀၁၄ ခုနှစ်အတွက် အာဆီယံအလှည့်ကျဥက္ကဋ္ဌ
ကို မြန်မာနိုင်ငံအား တညီတညွတ်တည်း တာဝန်ပေးအပ်ကြေ
ထုတ်ပြန်ကြေညာခဲ့သည်။ ဤနေရာတွင် အာဆီယံအလှည့်
ဥက္ကဋ္ဌဖြစ်သည့် အင်ဒိုနီးရှားနိုင်ငံ၏ မြန်မာနိုင်ငံအပေါ် မိတ်
ကောင်းပီသစွာ အားပေးကူညီခဲ့မှုကိုလည်း မှတ်တမ်းတင်သင့်
သည်။ ဒေသတွင်းအောင်မြင်မှုနှင့်အတူ ကပ်၍လိုက်ပါလာ
က မြန်မာနိုင်ငံနှင့် ဆက်ဆံရေးတွင် ကာလအတန်ကြာအေး
နေခဲ့သော အနောက်နိုင်ငံများ (အထူးသဖြင့်အမေရိကန်နိုင်ငံ
ဆက်ဆံရေး ပြန်လည်တိုးတက်လာခဲ့ခြင်း ဖြစ်သည်။ ဘ
အာဆီယံထိပ်သီးညီလာခံကာလနှင့် မရှေးမနှောင်းမှာပင် အမေရိ
နိုင်ငံခြားရေးဝန်ကြီး မစ္စစ် ဟီလာရီကလင်တန်အား မြန်မာနိုင်
သွားရောက်စေမည်ဟု သမ္မတ မစ္စတာ အိုဘားမားက ကြေညာ
သောအခါ နှစ်ပေါင်း ငါးဆယ်ကျော်ကာလအတွင်း မြန်မာနိုင်
အမေရိကန်နိုင်ငံခြားရေးဝန်ကြီးတစ်ဦး၏ ပထမဆုံး ခရီးစဉ်ဖြ
တစ်ကမ္ဘာလုံးက အံ့အားသင့်သွားခဲ့ကြသည်။

သို့သော် ဤခရီးစဉ်ပေါ်ထွက်လာသည်မှာ ရုတ်ချည်းဖြစ်
လာသည် မဟုတ်ပေ၊ အစိုးရသစ် စတင်တာဝန်ယူပြီးသည့်နော
စ၍ အနောက်နိုင်ငံများနှင့် ထိတွေ့ဆက်ဆံမှုမှာ အလျင်အမြ
အရှိန်အဟုန်မြင့်မားလာခဲ့သည်။ အထူးသဖြင့် ဥရောပနိုင်ငံမ

**ကမ္ဘာ့နိုင်ငံများ၏ ဒီမိုကရေစီအကူးအပြောင်းကို လေ့လာကြည့်ပါက မည်သည့်အကူးအပြောင်းမျှ မျဉ်းဖြော င့်သဖွယ် ဖြောင့်ဖြောင့်ဖြူးဖြူး အခက်အခဲမရှိ ဆောင်ရွက်နိုင်သည်မရှိပေ။ အခက်အခဲများ၊ အနှောင့်အယှက်များ စိန်ခေါ်မှုများဖြင့် ပြွမ်းတီးသော ခရီးကြမ်းကို ဖြတ်သန်းကြရသည်ချည်းသာဖြစ်သည်။**

**သို့ရာတွင် ယင်းသို့ခရီးကြမ်းသည် မိမိတို့တိုင်းပြည်နှင့် ပြည်သူလူထု၏ အကျိုးစီးပွားအတွက် မှန်ကန်သောလမ်းကြောင် ဖြစ်သည်ဟုဆိုပါက ဓားတောင်ကိုကျော်၍ မီးပင်လယ်ကိုဖြတ်ရစေကာမူ နောက်ပြန်မလှည့်စတမ်း ရှေ့သို့ဆက်၍ ချီတက် ကြရမည်သာ ဖြစ်ပေသည်။**

**ထိုသို့ နောက်ပြန်မလှည့်စတမ်း ချီတက်ကြမည်ဆိုခြင်းမှာ အခြေခံသဘောတရားကင်းမဲ့စွာ လက်လွတ်စပယ် ပြောဆိုခြင်း မဟုတ်ပေ။ မြန်မာနိုင်ငံ၏ ပကတိအခြေအနေနှင့် ပြည်သူအားလုံး၏ လိုအင်ဆန္ဒ၊ အကျိုးစီးပွား၊ ကမ္ဘာ့ နိုင်ငံရေး ဖြစ်ပေါ်တိုးတက်မှုများနှင့် ထင်ဟပ်ပြီးမှ ခိုင်မြဲသော သန္နိဋ္ဌာန်စိတ်ဖြင့် ခိုင်ခိုင်မာမာ ချမှတ်ပြောကြားခြင် ဖြစ်သည်။**

# အားသစ် မာန်သစ် - နိုင်ငံသစ်

**ရန်ကြီးအောင်**

ဆီယံအလှည့်ကျ ဥက္ကဋ္ဌနေရာကို ၂၀၁၄ ခုနှစ်တွင် မြန်မာက
ဝန်ယူဆောင်ရွက်ခွင့် ရရှိခဲ့ခြင်းဖြစ်သည်။

**အစိုးရအဖွဲ့သစ်၏ စေတနာမှန်သော လက်တွေ့ပြုပြင်
င်းလဲရေးလုပ်ရပ်များဖြင့် ဒေသတွင်းအသင်းဝင်နိုင်ငံများ၏
ကြည်မှုကို ရယူတည်ဆောက်နိုင်ခဲ့ပြီး ၂၀၁၁ ခုနှစ် နိုဝင်ဘာလ
ကျင်းပခဲ့သည့် အင်ဒိုနီးရှားနိုင်ငံ ဘာလီ အာဆီယံထိပ်သီး
ာခံ၌ ၂၀၁၄ ခုနှစ်အတွက် အာဆီယံအလှည့်ကျဥက္ကဋ္ဌနေရာ
မြန်မာနိုင်ငံအား တညီတညွတ်တည်း တာဝန်ပေးအပ်ကြောင်း
ပြန်ကြေညာခဲ့သည်။ ဤနေရာတွင် အာဆီယံအလှည့်ကျ
ဋ္ဌဖြစ်သည့် အင်ဒိုနီးရှားနိုင်ငံ၏ မြန်မာနိုင်ငံအပေါ် မိတ်ဆွေ
င်းပီသစွာ အားပေးကူညီခဲ့မှုကိုလည်း မှတ်တမ်းတင်သင့်ပေ
ည်။ ဒေသတွင်းအောင်မြင်မှုနှင့်အတူ ကပ်၍လိုက်ပါလာသည်
မြန်မာနိုင်ငံနှင့် ဆက်ဆံရေးတွင် ကာလအတန်ကြာအေးစက်
သော အနောက်နိုင်ငံများ (အထူးသဖြင့်အမေရိကန်နိုင်ငံ)နှင့်
က်ဆံရေး ပြန်လည်တိုးတက်လာခဲ့ခြင်း ဖြစ်သည်။ ဘာလီ
ဆီယံထိပ်သီးညီလာခံကာလနှင့် မရှေးမနှောင်းမှာပင် အမေရိကန်
ခြားရေးဝန်ကြီး မစ္စစ် ဟီလာရီကလင်တန်အား မြန်မာနိုင်ငံသို့
ရောက်စေမည်ဟု သမ္မတ မစ္စတာ အိုဘားမားက ကြေညာလိုက်
အခါ နှစ်ပေါင်း ငါးဆယ်ကျော်ကာလအတွင်း မြန်မာနိုင်ငံသို့
မရိကန်နိုင်ငံခြားရေးဝန်ကြီးတစ်ဦး၏ ပထမဆုံး ခရီးစဉ်ဖြစ်၍
ကမ္ဘာလုံးက အံ့အားသင့်သွားခဲ့ကြသည်။**

သို့သော် ဤခရီးစဉ်ပေါ်ထွက်လာသည်မှာ ရုတ်ချည်းဖြစ်ပေါ်
သည် မဟုတ်ပေ၊ အစိုးရသစ် စတင်တာဝန်ယူပြီးသည့်နောက်မှ
အနောက်နိုင်ငံများနှင့် ထိတွေ့ဆက်ဆံမှုမှာ အလျင်အမြန်ပင်
န်အဟုန်မြင့်မားလာခဲ့သည်။ အထူးသဖြင့် ဥရောပနိုင်ငံများမှ

> **ည့်အကူးအပြောင်းမျှ မျဉ်းဖြောင့်**
> **က်အခဲများ၊ အနှောင့်အယှက်များ၊**
> **သည်။**
> **းအတွက် မှန်ကန်သောလမ်းကြောင်း**
> **လှည့်စတမ်း ရှေ့သို့ဆက်၍ ချီတက်**
>
> **ာတရားကင်းမဲ့စွာ လက်လွတ်စပယ်**
> **၏ လိုအင်ဆန္ဒ၊ အကျိုးစီးပွား၊ ကမ္ဘာ့**
> **ခိုင်ခိုင်မာမာ ချမှတ်ပြောကြားခြင်း**

အဆင့်မြင့်အရာရှိကြီးများ၊ ပညာရှင်များ၊ စီးပွားရေးအသိုက်အဝန်းမှ ပုဂ္ဂိုလ်များ မြန်မာနိုင်ငံသို့ အစဉ်မပြတ်ဝင်ရောက်လာခဲ့ကြသည်။ ဥရောပနှင့် ဆက်ဆံရေးတိုးတက်လာသကဲ့သို့ အမေရိကန်နိုင်ငံမှ သမ္မတ၏ အထူးကိုယ်စားလှယ် မစ္စတာ ဒဲရက်မစ်ရှဲလ် အပါအဝင်

အဆင့်မြင့်အရာရှိကြီးများလည်း မြန်မာနိုင်ငံသို့ လာရောက်ခဲ့ကြသည်။ ထိုသို့ ထိတွေ့ဆွေးနွေး အမြင်ချင်းဖလှယ်မှုများ ပိုမိုများပြားလာသည်နှင့်အမျှ နှစ်ဖက်ဆက်ဆံရေးတွင် ပိုမိုနားလည်နွေးထွေးမှုများ ရရှိလာခဲ့သည်။

**ဤသို့ဖြင့် ဘာလီ အာဆီယံထိပ်သီးညီလာခံအပြီး မရှေးမနှောင်းကာလမှာပင် အမေရိကန်နိုင်ငံခြားရေးဝန်ကြီး၏ မြန်မာနိုင်ငံခရီးစဉ် ပေါ်ပေါက်လာခဲ့ခြင်း ဖြစ်သည်။ ရာစုနှစ်ဝက်ကျော်အတွင်း ပထမဆုံးလာရောက်ခဲ့သော အမေရိကန်နိုင်ငံခြားရေးဝန်ကြီး၏ ခရီးစဉ်သည် ကာလကြာရှည်တုံ့ဆိုင်းနေခဲ့သော မြန်မာ-အမေရိကန်ဆက်ဆံရေးတွင် ကဏ္ဍသစ်စာမျက်နှာသစ်တစ်ရပ် ဖွင့်လှစ်ပေးလိုက်ခြင်းပင်ဖြစ်သည်ဟု ဆိုနိုင်သည်။ အမေရိကန်နိုင်ငံခြားရေးဝန်ကြီး၏ ခရီးစဉ်ကအစပြုပြီးသည့်နောက် စင်ကာပူ၊ ဗြိတိန်နှင့် ဂျပန်နိုင်ငံခြားရေးဝန်ကြီးများ၏ ခရီးစဉ်များက ထိုလမ်းကြောင်းအတိုင်း လိုက်ပါလာကြသည်ကို တွေ့ရသည်။**

အစိုးရအဖွဲ့သစ်လက်ထက် မြန်မာနိုင်ငံ၏ နိုင်ငံခြားဆက်ဆံရေး၌ ထင်ရှားသောပုံရိပ်များမှာ နိုင်ငံခေါင်းဆောင်အကြီးအကဲများ၏ အပြန်အလှန် ချစ်ကြည်ရေးခရီးစဉ်များ ဖြစ်သည်။ အစိုးရသစ် စတင်တာဝန်ယူခဲ့ပြီးနောက် နိုင်ငံတော်သမ္မတကြီးအနေဖြင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံနှင့် အိန္ဒိယသမ္မတနိုင်ငံတို့သို့ ချစ်ကြည်ရေးအလည်အပတ်ခရီးသွားရောက်ခဲ့သည်။ တရုတ်နိုင်ငံနှင့် အိန္ဒိယနိုင်ငံတို့သည် သမိုင်းကြောင်းတစ်လျှောက်ကပင် ကာလကြာရှည်ချစ်ခင်ရင်းနှီးစွာ အတူတကွနေထိုင်ခဲ့ကြသော မြန်မာနိုင်ငံ၏ အရေးအကြီးဆုံးအိမ်နီးချင်းနိုင်ငံများဖြစ်ရာ သမ္မတကြီး၏ ခရီးစဉ်မှာ ယင်းခိုင်မြဲသော ချစ်ကြည်ရင်းနှီးမှုကို ထပ်လောင်း၍အားဖြည့်ပေးနိုင်ခဲ့သည်။ ထို့အပြင် အင်ဒိုနီးရှားနိုင်ငံသို့လည်း အာဆီယံထိပ်သီးအစည်းအဝေးတက်ရင်း ချစ်ကြည်ရေးခရီးပါ ဆက်ခဲ့သည်။ မြန်မာနိုင်ငံသို့လည်း အိမ်နီးချင်းနိုင်ငံများမှ အစိုးရအဖွဲ့အကြီးအကဲများလည်း လာရောက်ခဲ့ကြရာ ထိုင်းနိုင်ငံဝန်ကြီးချုပ် မစ္စ ရင်လတ်ရှင်နာဝပ်နှင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံဝန်ကြီးချုပ် မစ္စ ရှိတ်ဟာဆီနာဝါဇိတ်တို့ ဖြစ်ကြသည်။ မြန်မာနိုင်ငံနှင့်အလှမ်းဝေးသော ဘယ်လာရုစ်နိုင်ငံမှ ဝန်ကြီးချုပ် မစ္စတာ မီခေးလ်ဗွီမီယာ စညီကိုဗစ်ချ်သည်လည်း မြန်မာနိုင်ငံသို့ ချစ်ကြည်ရေးခရီး လာရောက်ခဲ့သေးသည်။

**၂၀၁၁ ခုနှစ်နှောင်းပိုင်းကာလတွင် အရေးပါသောကိစ္စတစ်ရပ်မှာ မြန်မာနိုင်ငံသည် မဟာမဲခေါင်ဒေသခွဲ စီးပွားရေးပူးပေါင်းဆောင်ရွက်မှုအစီအစဉ် ထိပ်သီးညီလာခံကို ဒီဇင်ဘာ ၁၉ ရက်မှ ၂၀ ရက်အထိ တာဝန်ယူကျင်းပနိုင်ခဲ့ခြင်း ဖြစ်သည်။ အဆိုပါ ထိပ်သီးညီလာခံတွင် မဲခေါင်ဒေသခွဲအတွင်းရှိ နိုင်ငံခြောက်နိုင်ငံမှ အစိုးရအဖွဲ့အကြီးအကဲများ တက်ရောက်ကာ ၂၀၁၂ ခုနှစ်မှ ၂၀၂၂ ခုနှစ်အထိ ဆက်လက်ဆောင်ရွက်မည့် မဟာဗျူဟာမူဘောင်သဘောတူညီချက်တစ်ရပ်ကို ချမှတ်နိုင်ခဲ့သည်။ ဤထိပ်သီးညီလာခံသည် အစိုးရသစ်လက်ထက်တွင် ပထမဆုံးကျင်းပနိုင်ခဲ့သည့် ဒေသတွင်း ထိပ်သီးညီလာခံဖြစ်သကဲ့သို့ နောင်လာမည့် ၂၀၁၄ ခုနှစ် အာဆီယံထိပ်သီးညီလာခံအတွက် ကြိုတင်ပြင်ဆင်ရာတွင်လည်း အထောက်အကူပြုမည့် လက်တွေ့စမ်းသပ်မှုတစ်ခုသဖွယ် ရှုမြင်နိုင်သည်။**

ခြုံ၍ဆိုရသော် မြန်မာအစိုးရသစ်အနေဖြင့် သက်တမ်း(၉)လခန့်ကာလအတွင်း သွက်လက်တက်ကြွ၍ ရှေ့သို့မျှော်မြင်သော နိုင်ငံခြားဆက်ဆံရေးမူဝါဒတစ်ရပ်ကို အောင်မြင်စွာ ကျင့်သုံးနိုင်ခဲ့ပြီး ကမ္ဘာ့နိုင်ငံများ၏ အသိုက်အဝန်းတွင် မြန်မာနိုင်ငံအတွက် ထိုက်တန်သော နေရာတစ်နေရာ ပြန်လည်ရရှိနိုင်ရေးအတွက် မှန်ကန်သော ခြေလှမ်းများ စတင်လျှောက်လှမ်းနိုင်ခဲ့ပြီ ဖြစ်သည်။ ခရီးမိုင်တစ်ထောင်အတွက် အရေးအကြီးဆုံးမှာ ပထမခြေလှမ်းပင်ဖြစ်သည်ဟု ဆိုရိုးရှိသည့်အတိုင်း မြန်မာနိုင်ငံ၏ ပြုပြင်ပြောင်းလဲရေးလုပ်ငန်းများအတွက် အရေးအကြီးဆုံးမှာ လမ်းကြောင်းမှန်ပေါ်၌ နှုန်းထားမှန်မှန်ဖြင့် လျှောက်လှမ်းနိုင်ခြင်းပင် ဖြစ်ပေလိမ့်မည်။

<u>**နောက်ကြောင်းမပြန် လမ်းကြောင်းမှန်**</u>

အစိုးရသစ်၏ သက်တမ်းကိုးလတာအတွင်း နိုင်ငံရေး၊ စီးပွားရေးပြုပြင်ပြောင်းလဲမှုများကို ပြည်တွင်းပြည်ပမှ အသိအမှတ်ပြုကြသည်။ သို့ရာတွင် မရေရာသော အကြောင်းကြောင်းတို့ကြောင့် ယခုလျှောက်လှမ်းနေသော လမ်းကြောင်းမှ သွေဖည်ကာ နောက်ကြောင်းပြန်သွားဦးမည်လောဟု စိုးရိမ်ပူပန်သံအချို့ကိုလည်း ကြားနေရသည်။

အဆိုပါ စိုးရိမ်ပူပန်မှုများမှာ အမှန်တကယ် ရိုးဖြောင့်သော စေတနာဖြင့် မြန်မာနိုင်ငံ၏ ကောင်းကျိုးအတွက် လိုလားသူများထံမှလည်း လာသည်။ ထို့အတူ ယခုအပြောင်းအလဲများမှာ အပေါ်ယံဟန်ပြသာ ဖြစ်သည်။ အုပ်ချုပ်သူလူတန်းစားဟောင်းများ၏ အကျိုးစီးပွား ရေရှည်ခိုင်မြဲရန်အတွက် မျက်စိလှည့်စားခြင်းမျှသာဖြစ်သည်ဟု အမှတ်သည်းစွာ အဆိုးမြင်နေကြသူများထံမှလည်း လာသည်။ ထိုသူတို့ကမူ ယခုကဲ့သို့ မြန်မာအစိုးရ၏ ပြုပြင်ပြောင်းလဲရေးလုပ်ငန်း လုပ်ဆောင်နေမှုများ အရှိန်ရ အောင်မြင်လာသည်ကို မမြင်လို မတွေ့လို မရှုဆိတ်နိုင်။ အခြားနိုင်ငံများက မြန်မာအစိုးရသစ်နှင့် ရင်းနှီးစွာ ဆက်ဆံအားပေးလာသည်ကိုလည်း သည်းမခံနိုင်လောက်အောင် ခံစားနေကြရသူများ ဖြစ်သည်။ မြန်မာအစိုးရသစ်၏ ပြုပြင်ပြောင်းလဲရေး မူဝါဒသည် မရေရာ မသေချာ၊ နောက်ကြောင်း ပြန်လှည့်သွားနိုင်သည်ဟု အထင်အမြင်ရောက်စေရန် ဖန်တီးထားခြင်းဖြင့် ဆက်သွယ်ကမ်းလှမ်းလာသည့်လက်များ တုံ့ဆိုင်းသွားစေရန်၊ ပေးလာမည့်အကူအညီများ ရပ်တန့်သွားစေရန်၊ လုပ်ကိုင်ပါဝင်မည့် စီးပွားရေးရင်းနှီးမြှုပ်နှံမှုများ တုံ့နှေးဖင့်နွှဲသွားစေရန် အစီအစဉ်ရှိရှိ ဆောင်ရွက်နေကြခြင်းဖြစ်သည်။

**ကမ္ဘာ့နိုင်ငံများ၏ ဒီမိုကရေစီအကူးအပြောင်းကို လေ့လာကြည့်ပါက မည်သည့်အကူးအပြောင်းမျှ မျဉ်းဖြောင့်သဖွယ် ဖြောင့်ဖြောင့်ဖြူးဖြူး အခက်အခဲမရှိ ဆောင်ရွက်နိုင်သည်မရှိပေ။ အခက်အခဲများ၊ အနှောင့်အယှက်များ၊ စိန်ခေါ်မှုများဖြင့် ပြွမ်းတီးသော ခရီးကြမ်းကို ဖြတ်သန်းကြရသည်ချည်းသာဖြစ်သည်။**

**သို့ရာတွင် ယင်းသို့ခရီးကြမ်းသည် မိမိတို့တိုင်းပြည်နှင့် ပြည်သူလူထု၏အကျိုးစီးပွားအတွက် မှန်ကန်သောလမ်းကြောင်းဖြစ်သည်ဟု ဆိုပါက ဓားတောင်ကိုကျော်၍ မီးပင်လယ်ကိုဖြတ်ရစေကာမူ နောက်ပြန်မလှည့်စတမ်း ရှေ့သို့ဆက်၍ ချီတက်ကြရမည်သာဖြစ်ပေသည်။**

**ထိုသို့ နောက်ပြန်မလှည့်စတမ်း ချီတက်ကြမည်ဆိုခြင်းမှာ အခြေခံသဘောတရားကင်းမဲ့စွာ လက်လွတ်စပယ် ပြောဆိုခြင်း မဟုတ်ပေ။ မြန်မာနိုင်ငံ၏ ပကတိအခြေအနေနှင့် ပြည်သူအားလုံး၏ လိုအင်ဆန္ဒ၊ အကျိုးစီးပွား၊ ကမ္ဘာ့နိုင်ငံရေး ဖြစ်ပေါ်တိုးတက်မှုများနှင့် ထင်ဟပ်ပြီးမှ ခိုင်မြဲသောသန္နိဋ္ဌာန်စိတ်ဖြင့် ခိုင်ခိုင်မာမာ ချမှတ် ပြောကြားခြင်းဖြစ်သည်။**

ပထမဦးစွာ လေ့လာမည်ဆိုလျှင် ယနေ့ပြုလုပ်နေသော နိုင်ငံရေး၊ စီးပွားရေးပြုပြင်ပြောင်းလဲမှုများသည် ပြည်သူလူထုတစ်ရပ်လုံးက လိုလိုလားလားဆန္ဒရှိသော ပြည်သူ့ဆန္ဒ၊ ပြည်သူ့အကျိုးစီးပွားနှင့်ယှဉ်သော ပြောင်းလဲမှုများဖြစ်သည့်အတွက် ပြည်သူနှင့်အစိုးရတို့၏ တစ်ထပ်တည်းကျသော ရည်မှန်းချက်၊ ခိုင်မြဲသော စိတ်ပိုင်းဖြတ်ချက်ဖြစ်သည်။

ဒုတိယအချက်အနေဖြင့် ယင်းပြုပြင်ပြောင်းလဲမှုများ ပြုလုပ်ရန် တိကျခိုင်မာသော ဖွဲ့စည်းပုံမူဘောင်စည်းမျဉ်းများကို အခြေခံဥပဒေဖြင့် ချမှတ်ထားပြီးဖြစ်ကာ အခြေခံဥပဒေနှင့်အညီ ဖွဲ့စည်းထားသော စီမံခန့်ခွဲအုပ်ချုပ်ရေး၊ ဥပဒေပြုရေးနှင့် တရားစီရင်ရေး အဖွဲ့အစည်းများ ပေါ်ပေါက်လှုပ်ရှား အသက်ဝင်နေပြီဖြစ်သည်။ ကမ္ဘာပေါ်၌ မည်သည့်အခြေခံဥပဒေမျှ ခြောက်ပြစ်ကင်း သဲလဲစင်ရာသက်ပန်မပြုပြင် မဖြည့်စွက်ဘဲရှိနိုင်သည်မဟုတ်။ ထိုနည်းတူစွာ မြန်မာနိုင်ငံ၏ ဖွဲ့စည်းပုံအခြေခံဥပဒေကိုလည်း လိုအပ်သည့်အခြေအနေ အချိန်အခါပေါ်မူတည်၍ လိုအပ်သလို ဥပဒေနှင့်အညီ ပြင်ဆင်

သွားနိုင်မည်ဖြစ်ရာ အခြေခံဥပဒေကို ကျော်လွန်၍ နိုင်ငံရေးအခင်းအကျင်းများကို နောက်ကြောင်းပြန်လှည့်ရန် အတင်းအကျပ်လုပ်ဆောင်ဖွယ် အကြောင်းမရှိတော့ပေ။

တတိယအချက်မှာ ပဥ္စမ မဏ္ဍိုင်ဖြစ်သော ပြည်သူလူထု၏ ထောက်ခံမှုအင်အားပင် ဖြစ်သည်။ ယခုအခါ မြန်မာပြည်တစ်ဝန်းရှိ ပြည်သူလူထုအများစုက အစိုးရသစ်၏ ပြုပြင်ပြောင်းလဲရေးဆောင်ရွက်ချက်များကို ဝမ်းသာအားရ အားပေးထောက်ခံလျက်ရှိကြသည်။ ဒီမိုကရေစီနိုင်ငံတစ်ခု၏ အဓိကအင်အားဖြစ်သော ပြည်သူလူထု၏ထောက်ခံမှုသည် တွေ့ကြုံရင်ဆိုင်ရမည့် စိန်ခေါ်မှု၊ အခက်အခဲများကို ကျော်လွှားဖြေရှင်းနိုင်ရေးအတွက် ပဓာနကျသော စွမ်းပကားတစ်ရပ်ပင် ဖြစ်ပေသည်။

စတုတ္ထအချက်မှာ နိုင်ငံတကာဖြစ်ပေါ်တိုးတက်မှု ရေစီးကြောင်းဖြစ်သည်။ ကမ္ဘာ့နိုင်ငံအားလုံး၏ အများစု(၆၀)ရာခိုင်နှုန်းခန့်မှာ ရွေးကောက်ပွဲမှတစ်ဆင့် အုပ်ချုပ်သူအစိုးရကို ရွေးချယ်သော ဒီမိုကရေစီနိုင်ငံများဖြစ်ကြသည်။ နောက်ထပ်လည်း ဒီမိုကရေစီသို့ ဦးတည်ပြောင်းလဲသောလှုပ်ရှားမှုများ ကမ္ဘာအနှံ့၌ဖြစ်ပွားလျက်ရှိသည်။ ယင်းတို့အနက်မှ အချို့မှာ လက်ရှိအုပ်ချုပ်သူများနှင့် ယင်းတို့ကို ပြောင်းလဲပစ်လိုသည့် လှုပ်ရှားသူများအကြား ပြင်းထန်သောပဋိပက္ခများ၊ အဓိကရုဏ်းများ၊ သွေးထွက်သံယိုမှုများနှင့် ရင်ဆိုင်နေကြရသည်။ မြန်မာနိုင်ငံ၌မူ အုပ်ချုပ်သူဟောင်းများက လမ်းခင်းပေးခဲ့သည့် ဒီမိုကရေစီလမ်းကြောင်းပေါ်တွင် နှစ်ဦးနှစ်ဖက် နားလည်မှု၊

*စာမျက်နှာ ၁၀ ကော်လံ ၃ သို့*

**နိုင်ငံတော်သမ္မတရုံး ဧည့်ခန်းမဆောင်၌ တွေ့ဆုံ**

နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့် အမေရိကန်နိုင်ငံခြားရေးဝန်ကြီး မစ္စစ် ဟီလာရီ ကလင်တန်တို့ ၁-၁၂-၂၀၁၁ရက်တွင် နေပြည်တော်ရှိ နိုင်ငံတော်သမ္မတရုံး ဧည့်ခန်းမဆောင်၌ တွေ့ဆုံစဉ်။

**စက်ယန္တရားများ**

၂၂-၇-၂၀၁၁ ရက်က ကျင်းပခဲ့သည့် မြန်မာ့စက်မှု ထုတ်ကုန်ပြပွဲတွင် ပြသထားသည့် စက်ယန္တရားများကို တွေ့ရစဉ်။

(၆၄)နှစ်မြောက် လွတ်လပ်ရေးနေ့ ဂုဏ်ပြုဆောင်းပါး

(၆၄)နှစ်မြောက် လွတ်လပ်ရေးနေ့ ဂုဏ်ပြုဆောင်းပါး

(၆၄)နှစ်မြောက် လွတ်လပ်ရေးနေ့ ဂုဏ်ပြုဆောင်းပါး

(၆၄)နှစ်မြောက် လွတ်လပ်ရေးနေ့ ဂုဏ်ပြုကဗျာ

## လွတ်လပ်ပျော်ရွှင် အောင်ပွဲဆင်

* လွတ်လပ်ခဲ့ပြီ၊ မြန်မာပြည်တည့်
ကြာရှည်နှံ့နှစ်၊ ကျွန်အဖြစ်သို့
အသစ်တစ်ဖန်၊ ပြန်မရောက်ရေး
မျိုးချစ်သွေးတို့၊ ဆွေးနွေးတိုင်ပင်
ကိုယ့်လမ်းစဉ်ဖြင့်
တစ်ခွင်မြန်မာ၊ အစဉ်သာအောင်
ညီညာထုဆစ်၊ ရွှေပြည်သစ်တည့်
စစ်မှန်ဒီမိုကရေစီ၊ ထွန်းကားတည်အောင်
ပြည်ထောင်စုဖွား၊ တိုင်းရင်းသားတို့
ကြိုးစားပုံဖော်နေကြပြီ။
* ညီညွတ်ခဲ့ပြီ၊ မြန်မာပြည်တည့်
ကြံစည်တွေးဆ၊ ရိုင်းပင်းကြလျက်
ကာလပကိုစဉ်၊ ရှေးယခင်က
အထင်မြင်မှား၊ ဒို့ဖယ်ရှားခဲ့
သွေးသားစင်စစ်၊ အမှန်ဖြစ်ကြောင်း
ချစ်ခြင်းဖြင့်သာ၊ ရှုမြင်ပါလျက်
မြန်မာပြည်အတွက်၊ တွဲသောလက်တို့
မပျက်ခိုင်မာ စေခဲ့ပြီ။
* ဖွံ့ဖြိုးခဲ့ပြီ၊ မြန်မာပြည်တည့်
မိုးဆီတိမ်ဟုန်၊ ထိလုပုံနှယ်
ဆောက်အုံမြင့်မား၊ တိုက်တာများနှင့်
မြစ်များကွေ့ကောက်၊ တံတားဆောက်၏
တောင်များမြင့်မောက်၊ ဥမင်ဖောက်၏
တည်ဆောက်ခေတ်မီ၊ ငါတို့ပြည်ကို
လှသည်ထက်လှ၊ တင့်တယ်ရအောင်
တက်ကြွကောင်ထည် ဖော်ခဲ့ပြီ။
* လွတ်လပ်၍သာ၊ ပြည်မြန်မာကို
စည်သာဖွံ့ဖြိုး၊ အလှတိုးအောင်
ကြိုးပမ်းဖော်ဆောင်နိုင်ခြင်းတည်း။
* လွတ်လပ်၍သာ၊ ပြည်မြန်မာကို
ကမ္ဘာနှင့်ယှဉ်၊ အားသစ်ဆင်လျက်
ပွဲဝင်တင့်နိုင်ပေခြင်းတည်း။
* သြော်- လွတ်လပ်ရေးတွက်၊ တွဲသောလက်တို့
မပျက်ထာဝရ၊ ညီညာမှလျှင်
မြန်မာ့ဂုဏ်ရည်၊ မြင့်မားတည်၍
နေခြည်လဝန်း၊ ထွန်းမည်တကား။ ။

မြင်းမူမောင်နိုင်မိုး

# ၂၀၁၂ ခုနှစ် (၆၄)နှစ်မြောက် လွတ်လပ်ရေးနေ့

## အမျိုးသားရေးဦးတည်ချက် (၄)ရပ်

☆ ပြည်ထောင်စု တိုင်းရင်းသားအားလုံး ပြည်ထောင်စုကြီးအတွင်း၌ ဥမကွဲ သိုက်မပျက် အတူတကွ ရာသက်ပန် ပူးပေါင်းနေထိုင်ရေး၊

☆ ပြည်ထောင်စု မပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးတို့ကို တိုင်းရင်းသားအားလုံး မျက်ခြည်မပြတ် စုစည်းထိန်းသိမ်းကာကွယ်ရေး၊

☆ ခေတ်မီဖွံ့ဖြိုးတိုးတက်သော ဒီမိုကရေစီနိုင်ငံတော်သစ်ကို တည်ဆောက်ရာ၌ ပြည်သူများ၏ လူမှုစီးပွား ဘဝ ဖွံ့ဖြိုးတိုးတက်ရေး၊ ဆင်းရဲမှုနှုန်း လျှော့နည်းကျဆင်းရေး၊ အုပ်ချုပ်မှုမဏ္ဍိုင် ခိုင်မာကောင်းမွန် သန့်ရှင်းရေးတို့အတွက် အားလုံးက မဆုတ်မနစ် ပိုင်းဝန်းကြိုးပမ်းဆောင်ရွက်ရေး၊

☆ မှန်ကန်သော ဒီမိုကရေစီကျင့်စဉ်များ ကျယ်ပြန့်စွာထွန်းကားရေး၊ တရားဥပဒေစိုးမိုးမှု ပိုမိုခိုင်မာရေး၊ အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ထာဝရငြိမ်းချမ်းမှုရရှိရေးတို့အတွက် တိုင်းရင်းသားအားလုံးက အသိနှင့်ယှဉ်၍ ပူးပေါင်းပါဝင်ဆောင်ရွက်ရေး။

စာမျက်နှာ ၉ မှ

ယုံကြည်မှု၊ စေ့စပ်ညှိနှိုင်းဆောင်ရွက်မှုများဖြင့် အေးချမ်းစွာ၊ လျင်မြန်စွာ အကူးအပြောင်းကို စတင်ဆောင်ရွက်လျက်ရှိသည်။ ဤထက်ပို၍ မှန်ကန်သော၊ အကျိုးရှိသော လမ်းကြောင်းရှိနိုင်ပါဦးမည်လော။

သို့ဖြစ်ရာ မြန်မာအစိုးရအနေဖြင့် လက်ရှိကိုင်စွဲဖော်ဆောင်လျက်ရှိသော ဒီမိုကရေစီပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ်များမှ နောက်ကြောင်းပြန်လှည့်စရာ မည်သည့်အကြောင်းမျှ မရှိတော့ဟု ရဲဝံ့စွာ ဖော်ထုတ်ပြောကြားနိုင်မည် ဖြစ်ပါသည်။ နိုင်ငံတော်သမ္မတကြီးနှင့်တကွ နိုင်ငံ့ခေါင်းဆောင်တာဝန်ရှိသူများကလည်း နိုင်ငံတကာအသိုက်အဝန်း၌ အခွင့်ရသည့်အခါတိုင်း မိမိတို့၏ ပြုပြင်ပြောင်းလဲမှုများ မည်သည့်အခါမျှ နောက်ပြန်လှည့်သွားမည် မဟုတ်ကြောင်း အာမခံပြောကြားထားခဲ့ကြပြီး ဖြစ်ပါသည်။

နိဂုံးချုပ်အနေဖြင့် (၁၇-၈-၂၀၁၁) ရက်နေ့တွင် စီးပွားရေး၊ လူမှုရေးနယ်ပယ်အသီးသီး၊ အသင်းအဖွဲ့အသီးသီးမှ တာဝန်ရှိသူများနှင့် တွေ့ဆုံပွဲအခမ်းအနားများတွင် ပြောကြားခဲ့သည့် နိုင်ငံတော်သမ္မတကြီး၏ အမှာစကားပါ ကောက်နုတ်ချက်ကိုသာ လက်ဆင့်ကမ်းရင်း (၆၄)နှစ်တိုင်ခဲ့ပြီဖြစ်သော နိုင်ငံ၏ လွတ်လပ်ရေးနေ့မှသည် ကမ္ဘာဆုံးတိုင် အေးချမ်းသာယာ၍ ခိုင်မာတောင့်တင်းသော ပြည်ထောင်စုကြီးကို ဒီမိုကရေစီနည်းလမ်းများဖြင့် စည်းလုံးညီညွတ်စွာ တည်ဆောက်ထူထောင်သွားကြပါစို့ဟု တိုက်တွန်းအပ်ပါသည်။

"ဒီကနေ့ အချိန်အခါဟာ နိုင်ငံတော်ကို ဒီမိုကရေစီစနစ်နဲ့ အသစ်တစ်ဖန် ပြန်တည်နေရချိန် ဖြစ်ပါတယ်။ စိန်ခေါ်မှုတွေရှိသလို အခွင့်အလမ်းကောင်းတွေလည်း ရှိပါတယ်။ စိန်ခေါ်မှုတွေကို ကြံ့ကြံ့ခံ ကျော်လွှားပြီး အခွင့်အလမ်းကောင်းတွေကို အမိအရ ဆုပ်ကိုင်ထားဖို့ လိုအပ်ပါတယ်။ ကျွန်တော်တို့နိုင်ငံရဲ့ သမိုင်းစဉ်တစ်လျှောက်မှာ မတည်မငြိမ်၊ မအေးမချမ်းနဲ့ ကုန်လွန်သွားခဲ့ရတဲ့ ကာလတွေကို အလွန်နှမြောဖို့ ကောင်းပါတယ်။ လွတ်လပ်ရေးရပြီးစက ကျွန်တော်တို့ထက်နိမ့်ကျတဲ့ နိုင်ငံတွေ တန်းတူရည်တူ နိုင်ငံတွေဟာ ကျွန်တော်တို့နိုင်ငံကို များစွာ ဖြတ်ကျော်သွားကြပြီ ဖြစ်ပါတယ်။

ဒီအချိန်ဟာ ရန်ဖြစ်ငြင်းခုံနေကြရမယ့်အချိန်၊ တစ်ဦးနဲ့ တစ်ဦး၊ တစ်ဖွဲ့နဲ့တစ်ဖွဲ့ အမြင်မှား အပြစ်ပြောနေကြရမယ့်အချိန် မဟုတ်တော့ပါဘူး၊ စည်းလုံးညီညွတ်ကြရင် ကြီးပွားတိုးတက်နိုင်တဲ့ ရေခံမြေခံကောင်းတွေ ကျွန်တော်တို့တိုင်းပြည်မှာ ရှိပြီးဖြစ်ပါတယ်၊ ဒီနိုင်ငံဟာ နိုင်ငံသားအားလုံးပိုင်တဲ့ နိုင်ငံဖြစ်ပါတယ်၊ ကိုယ့်နိုင်ငံ ပျက်စီးဆုံးရှုံးမသွားရအောင် နိုင်ငံသားတိုင်း အားလုံးဝိုင်းဝန်း စောင့်ရှောက်ကာကွယ်သွားကြဖို့ တာဝန်ရှိပါတယ်။ ကျွန်တော်တို့ရဲ့ သားစဉ်မြေးဆက်အတွက် ကောင်းတဲ့အမွေခံပတ်ဝန်းကျင်ကို တည်ဆောက်သွားကြဖို့ လိုအပ်ပါကြောင်း ပြောကြားရင်း နိဂုံးချုပ်အပ်ပါတယ်"........။

## ဗုဒ္ဓဘာသာယဉ်ကျေးမှု(နည်းပြ) မွမ်းမံသင်တန်း ဓမ္မဒါနဖွင့်လှစ်မည်

နေပြည်တော် ဇန်နဝါရီ ၃

လာမည့်နွေရာသီကျောင်းပိတ်ရက်များတွင် အလယ်တန်းအဆင့် သားငယ်သမီးငယ်များအား မိမိတို့သက်ဆိုင်ရာ မြို့ရွာများနှင့်ကျောင်းများတွင် ဗုဒ္ဓဘာသာယဉ်ကျေးမှုသင်တန်းများ စနစ်တကျဖွင့်လှစ်လျက် သင်ကြားပေးနိုင်ရန် ရည်ရွယ်လျက် ဗုဒ္ဓဘာသာယဉ်ကျေးမှု(နည်းပြ)မွမ်းမံသင်တန်းကို ဓမ္မဗျူဟာသာသနမာမကအဖွဲ့မှ ဓမ္မဒါနဖွင့်လှစ် သင်ကြားပေးမည် ဖြစ်သည်။

သင်တန်းတွင် ဗုဒ္ဓဘာသာယဉ်ကျေးမှုသင်ခန်းစာများနှင့် သင်ကြားနည်းစနစ်များကို သင်တန်းမှူးဓမ္မဗျူဟာ ဒေါ်ခင်လှတင်(မဟာသဒ္ဓမ္မဇောတိကဓဇ)က ကြီးမှူးပို့ချသွားမည်ဖြစ်သည်။ သင်တန်းကို ဗုဒ္ဓဘာသာယဉ်ကျေးမှုသင်တန်းဆိုင်ရာ သင်ခန်းစာများ လေ့လာသင်ယူပြီး၍ ဗုဒ္ဓဘာသာယဉ်ကျေးမှုသင်တန်းများတွင် နည်းပြအဖြစ် ဓမ္မဒါနပြု ပြန်လည်သင်ကြားပေးလိုသူများ တက်ရောက်နိုင်သည်။

သင်တန်းကို ဇန်နဝါရီ ၇ ရက်နှင့် ၈ ရက် (စနေနှင့်တနင်္ဂနွေနေ့)များတွင် နံနက် ၉ နာရီမှ ညနေ ၄ နာရီအထိ ဓမ္မဗျူဟာ သာသနမာမကအဖွဲ့၊ လူပုဂ္ဂိုလ်များဆိုင်ရာ ဓမ္မစာပေသင်တန်းကျောင်း အမှတ်(၆) ကြားတောရလမ်း ရွှေတိဂုံစေတီတော် အရှေ့ဘက်မုခ် (ရေခဲဆိုင်မှတ်တိုင်အနီး) ဗဟန်းမြို့နယ် ရန်ကုန်မြို့တွင် သင်တန်းပို့ချမည်ဖြစ်ရာ သင်တန်းတက်ရောက်လိုသူများသည် ဓမ္မရောင်ခြည်ဓမ္မဒါနလုပ်ငန်း၊ သိမ်ကြီးဈေး(စီ)ရုံ အဆောင်(၄)ပ-ထပ်၊ ဖုန်း-၃၈၂၉၃၅၊ ၀၉-၅၀၇၉၆၇၄၊ ၀၉-၅၁၄၃၉၉၈ တို့သို့ ဆက်သွယ်စာရင်းပေးသွင်းနိုင်ကြောင်း သိရှိရသည်။ (မြန်မာ့အလင်း)

## လက်ခံယူ

ရန်ကုန်မြို့ ဗိုလ်မှူးကြီးအောင်မြင့် (ငြိမ်း) ဦးဆောင်ညွှန်ကြားရေးမှူး (မြန်မာ့မွေးမြူရေးနှင့် ရေလုပ်ငန်းဖွံ့ဖြိုးရေးဘဏ်လီမိတက်)-ဒေါ်ဥမ္မာမိသားစုက ဒဂုံမြို့သစ်(အရှေ့ပိုင်း) မြို့နယ်အမှတ်(၂) အဝေးပြေးလမ်းမကြီးဘေးရှိ ဦးလှထွန်း မေတ္တာရိပ်မွန် ကင်ဆာဖောင်ဒေးရှင်း အတွင်းလူနာ (ကင်ဆာ)ဗဟိုသို့ အလှူငွေကျပ် ငါးသိန်းပေးအပ်လှူဒါန်းရာ ဗိုလ်မှူးချုပ်အေဘာယ်လ် (ငြိမ်း)နှင့် ဒေါက်တာဒေါ်ကင်းအိမ်တို့ လက်ခံယူစဉ်။

(မြန်မာ့အလင်း)

## The Excellent Yangon Expo 2012 ဖွင့်ပွဲကျင်းပ

ရန်ကုန် ဇန်နဝါရီ ၃

The Excellent Yangon Expo 2012 with Mobile & IT Zone ဖွင့်ပွဲအခမ်းအနားကို ဇန်နဝါရီ ၁ ရက် နံနက် ၉ နာရီတွင် ရန်ကုန်မြို့ တပ်မတော်ခန်းမ၌ ကျင်းပရာ ရန်ကုန်မြို့တော်ဝန် ရန်ကုန်တိုင်းဒေသကြီး စည်ပင်သာယာရေးဝန်ကြီးဌာန ဝန်ကြီး ဦးလှမြင့်၊ အနော်ရထာ စီးပွားရေးလုပ်ငန်းစု ဥက္ကဋ္ဌ ဒေါ်ခင်နှင်းဆီနှင့် Great Father Land Construction & Decoration Co., Ltd. ဥက္ကဋ္ဌ ဦးကျော်မြင့်တို့က ပြပွဲကို ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြပြီး အရောင်းပြခန်းများကို လှည့်လည်ကြည့်ရှုစစ်ဆေးကြသည်။ အဆိုပါ ပြပွဲကို ဇန်နဝါရီ ၄ ရက်အထိ နံနက် ၉ နာရီမှ ညနေ ၅ နာရီအတွင်း ပြသသွားမည်ဖြစ်သည်။

### ဖွင့်လှစ်ပေး

ယင်းနောက် ရန်ကုန်မြို့တော်ဝန်သည် ပုဇွန်တောင်မြို့နယ် အနော်ရထာလမ်းနှင့် ဗိုလ်တထောင်ဘုရားလမ်းထောင့်ရှိ Orchid Hotel ရှေ့၌ ကျင်းပသော Orchid Junction ဖွင့်ပွဲအခမ်းအနားကို တက်ရောက်ဖွင့်လှစ်ပေးကြောင်း သိရသည်။ (သတင်းစဉ်)

ရန်ကုန်မြို့တော်ဝန် ဦးလှမြင့်နှင့် တာဝန်ရှိသူ တို့က The Excellent Yangon Expo 2012 with Mobile & IT Zone ပြပွဲကို ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြစဉ်။

(မြို့တော်စည်ပင်)

ခြင်ဆေးခွေသုံးလျှင် သတိယှဉ် ══ ══ အောက်တွင်ခံခွက် မမေ့နှင့်

## မြောက်ဥက္ကလာပ အထွေထွေရောဂါကုနှင့် သင်ကြားရေးဆေးရုံကြီး
## ကူးစက်ရောဂါကုသဆောင် အဆောက်အအုံသစ်ဖွင့်ပွဲ ကျင်းပ

**ရန်ကုန် ဇန်နဝါရီ ၃**

၂၀၁၂ ခုနှစ် (၆၄) နှစ်မြောက် လွတ်လပ်ရေးနေ့ကို ဂုဏ်ပြုသောအားဖြင့် မြောက်ဥက္ကလာပ အထွေထွေရောဂါကုနှင့် သင်ကြားရေးဆေးရုံကြီး ကူးစက်ရောဂါကုသဆောင် အဆောက်အအုံသစ် ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၇ နာရီခွဲတွင် အဆိုပါဆေးရုံကြီး၌ ကျင်းပရာ ရန်ကုန်မြို့တော်ဝန် ရန်ကုန်တိုင်းဒေသကြီး စည်ပင်သာယာရေးဝန်ကြီးဌာန ဝန်ကြီး ဦးလှမြင့်၊ တိုင်းဒေသကြီး လူမှုရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာမြင့်သိန်းနှင့် ကျန်းမာရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ်(ကုသရေး) ဒေါက်တာမင်းသန်းညွန့်တို့က အဆောက်အအုံသစ်ကို ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြပြီး တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြင့်ဆွေက ကမ္ပည်းမော်ကွန်းကို စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးကာ လှည့်လည်ကြည့်ရှုကြသည်။

### ဆောက်လုပ်လှူဒါန်း

အဆိုပါ အဆောက်အအုံသစ်မှာ အလျား ၇၆ ပေ၊ အနံ ၄၆ ပေရှိ နှစ်ထပ်သံထည်အဆောက်အအုံဖြစ်ပြီး လူနာတစ်ယောက်ခန်း နှစ်ခန်း၊ လူနာနှစ်ယောက်ခန်း နှစ်ခန်း၊ လူနာခြောက်ယောက်ခန်း နှစ်ခန်း၊ Duty Room၊ Charge Room နှင့် Hall ခန်းများ ပါဝင်တည်ဆောက်ထားကာ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီက ငွေကျပ် ၁၄၈၇ သိန်း အကုန်အကျခံ ဆောက်လုပ်လှူဒါန်းခဲ့ခြင်း ဖြစ်ကြောင်း သိရှိရသည်။

### ပေးအပ်ချီးမြှင့်

**ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြင့်ဆွေ (၆၄)နှစ်မြောက် လွတ်လပ်ရေးနေ့ အထိမ်းအမှတ် ကလေးပြိုင်ပွဲတွင် ဆုရရှိသူ ကလေးတစ်ဦးအား ဆုပေးအပ်ချီးမြှင့်စဉ်။** (သတင်းစဉ်)

ထို့မှတစ်ဆင့် တိုင်းဒေသကြီးဝန်ကြီးချုပ်သည် အပြည်ပြည်ဆိုင်ရာကုန်သွယ်မှုဗဟိုဌာန၌ ရန်ကုန်တိုင်းဒေသကြီး မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့က ကျင်းပသည့် (၆၄)နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် ကလေးပြိုင်ပွဲနှင့် သားကောင်းမိခင်ဆုချီးမြှင့်ပွဲ အခမ်းအနားသို့ တက်ရောက် အမှာစကားပြောကြားပြီး ကလေးပြိုင်ပွဲ ပထမ၊ ဒုတိယ၊ တတိယနှင့် နှစ်သိမ့်ဆုရရှိသူများအား တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြင့်ဆွေ၊ တိုင်းဒေသကြီး မိခင်နှင့်ကလေး စောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့ နာယက တိုင်းဒေသကြီးဝန်ကြီးချုပ်၏ဇနီး ဒေါ်ခင်သက်ဌေးနှင့် တာဝန်ရှိသူများကလည်းကောင်း၊ သားကောင်းမိခင် ပထမ၊ ဒုတိယ၊ တတိယနှင့် နှစ်သိမ့်ဆုရရှိသူများက တိုင်းဒေသကြီး မိခင်နှင့်ကလေး စောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်ခင်ဆွေညွန့်က လည်းကောင်း ဆုများပေးအပ်ချီးမြှင့်ခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

၁။ ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ကန်တော်လေးမြောက်ရပ်ကွက်၊ ဒေါ်သိန်းတင်လမ်း၊ အမှတ်(၈၄-က)တွင် ပါတီရုံးချုပ်တည်ရှိသော **မြန်မာအမျိုးသားကွန်ဂရက် (Myanmar National Congress)** က နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်းဥပဒေပုဒ်မ ၅ အရ နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်ပြုရန် ၃-၁-၂၀၁၂ ရက်နေ့တွင် လျှောက်ထားလာပါသည်။ ယင်းသို့ လျှောက်ထားရာတွင် ပါတီအမည်၊ အလံနှင့် တံဆိပ်တို့ကို ဖော်ပြပါအတိုင်း အသုံးပြုမည်ဖြစ်ကြောင်း တင်ပြလာပါသည်။

၂။ ယင်းအဖွဲ့အစည်းက အသုံးပြုမည့်ပါတီအမည်၊ အလံနှင့် တံဆိပ်တို့ကို ကန့်ကွက်လိုက ယခုကြေညာသည့်နေ့မှစ၍ ခုနစ်ရက်အတွင်း ခိုင်လုံသောအထောက်အထားများဖြင့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်း၊ နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်း နည်းဥပဒေများ ၁၄(ဃ)အရ အများသိစေရန် ကြေညာအပ်ပါသည်။

**မြန်မာအမျိုးသားကွန်ဂရက် (Myanmar National Congress) ၏ အလံပုံစံ**

မြန်မာအမျိုးသားကွန်ဂရက် (Myanmar National Congress) ၏ တံဆိပ်ပုံစံ

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

## သစ်သီးဝလံ အခြေခံစားသောက်ကုန်ထုတ်လုပ်နည်း သင်တန်းဖွင့်

**ရမည်းသင်း ဇန်နဝါရီ ၃**

မန္တလေးတိုင်းဒေသကြီး ရမည်းသင်းမြို့နယ် အခြေခံပညာအထက်တန်းကျောင်း အနော်ရထာခန်းမ၌ အထက်မြန်မာပြည်ရုံးခွဲ အသေးစားစက်မှုလက်မှုလုပ်ငန်း ဦးစီးဌာနမှ သစ်သီးဝလံအခြေခံ စားသောက်ကုန်ထုတ်လုပ်နည်းသင်တန်း အမှတ်စဉ်(၅၅)ဖွင့်ပွဲကို ဒီဇင်ဘာ ၂၇ ရက် နံနက် ၉ နာရီက ကျင်းပသည်။

ရှေးဦးစွာ ခရိုင်အုပ်ချုပ်ရေးမှူး ဦးကျော်ကျော်ထွန်း **(အပေါ်ပုံ)**က အမှာစကားပြောကြားပြီး အထက်မြန်မာပြည်ရုံးခွဲ အသေးစားစက်မှုလက်မှုလုပ်ငန်း ဦးစီးဌာန သင်တန်းနည်းပြ ဦးစီးမှူး ဒေါ်လှလှခက်က သင်တန်းရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။

### တက်ရောက်

အဆိုပါသင်တန်းကို ရမည်းသင်းမြို့နယ်နှင့် ပျော်ဘွယ်မြို့နယ်တို့မှ သင်တန်းသား သင်တန်းသူ ၄၀ တို့ တက်ရောက်ကြပြီး သင်တန်းကာလမှာ ရက်သတ္တတစ်ပတ် ကြာမည်ဖြစ်ကြောင်း သိရှိရသည်။ (၄၁၆)

## ပုသိမ်မြို့ အထက-၁ ဆဋ္ဌမအကြိမ် မြတ်ဆရာပူဇော်

**ပုသိမ် ဇန်နဝါရီ ၃**

ပုသိမ်မြို့ အထက-၁ (ယခင်ဟိုက်စကူးကျောင်း) ဆဋ္ဌမအကြိမ်မြောက် မြတ်ဆရာပူဇော်ပွဲအခမ်းအနားကို ဒီဇင်ဘာ ၁၈ ရက်တွင် ရတနာ့တန်ဆောင်ခန်းမ၌ကျင်းပရာ အငြိမ်းစားယူပြီးသော ဆရာ ဆရာမကြီး ၁၄၁ ဦးတို့အား လှူဖွယ် ဝတ္ထုပစ္စည်းများနှင့် ငွေကျပ်သိန်း ၃၀၀ ကျော်ဖြင့် ပူဇော်ကန်တော့ကြပြီး လက်ရှိတာဝန် ထမ်းဆောင်လျက်ရှိကြသော ဆရာ ဆရာမ၊ ဝန်ထမ်းများ အပါအဝင် ၆၇ ဦးတို့အား ငွေကျပ် ခြောက်သိန်းခုနစ်သောင်းနှင့် အသက် (၉၀)ကျော် အရွယ်ရှိ ကျောင်းသားဟောင်းများဖြစ်ကြသော ဦးသန်းလွင်၊ ဦးခင်ကြည်၊ ဦးရိန်ချွန်တို့အား တစ်ဦးလျှင် ငွေကျပ် ငါးသောင်းနှင့် လက်ဆောင်ပစ္စည်းများဖြင့်လည်းကောင်း လှူဒါန်းခဲ့ကြသည်။

အဆိုပါ မြတ်ဆရာပူဇော်ပွဲကျင်းပရေးအဖွဲ့ဝင် ကျောင်းသားဟောင်းများသည် အထက(၁) ယခင်ဟိုက်စကူးကျောင်းမှ အငြိမ်းစားယူခဲ့ကြသော ဆရာ ဆရာမများ သက်ရှိထင်ရှားရှိနေသရွေ့ကာလပတ်လုံး သက်တမ်းအလိုက် ထောက်ပံ့ငွေများကိုလည်း လစဉ်မပျက် တစ်လလျှင် ငွေကျပ် ခြောက်သိန်းကျော် ပေးလှူလျက်ရှိကြောင်း သိရှိရသည်။ (၀၇၇)

## ကျပန်းစကားပြောပြိုင်ပွဲ ဆုချီးမြှင့်

**ရန်ကုန် ဇန်နဝါရီ ၃**

ဒဂုံမြို့သစ်(မြောက်ပိုင်း) မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနရုံး၊ မြို့နယ်ပညာရေးမှူးရုံးတို့ ပူးပေါင်းကျင်းပသည့် အလယ်တန်း၊ အထက်တန်းအဆင့် ကျပန်းစကားပြောပြိုင်ပွဲကို ဒီဇင်ဘာ ၂၂ ရက် နံနက် ၉ နာရီက အထက(၁) ကျောင်းခန်းမ၌ ကျင်းပသည်။

### ပါဝင်ယှဉ်ပြိုင်

အခမ်းအနားတွင် ရန်ကုန်တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးထွန်းလွင်က အမှာစကားပြောကြားပြီး မြို့နယ်အတွင်းရှိ အလယ်တန်း၊ အထက်တန်းကျောင်းများမှ ကျောင်းသား ကျောင်းသူ ၁၁ ဦးတို့က ရေစီးရေလာကောင်းမွန်မှု စိုပြည်လှပသဘာဝ၊ ပတ်ဝန်းကျင်တစ်ခွင် အမှိုက်ကင်းစင်၊ အမြင်လှပ ချမ်းမြေ့ရ စသည့်ခေါင်းစဉ်တို့ဖြင့် ကျပန်းစကားပြောပါဝင်ယှဉ်ပြိုင်ကြသည်။

### ပေးအပ်

ဆက်လက်၍ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် မဲဆန္ဒနယ်အမှတ်(၁) ဦးထွန်းလွင်၊ မဲဆန္ဒနယ်အမှတ်(၂) ဦးဇော်လင်းနှင့် မြို့နယ်ပညာရေးမှူးတို့က ပြိုင်ပွဲဝင်ဆုရရှိသူများအား ဆုများပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရှိရသည်။ **(အပေါ်ပုံ) (မြို့နယ် ပြန်/ဆက်)**

## (၆၄)နှစ်မြောက် လွတ်လပ်ရေးနေ့ ဂုဏ်ပြု
## ထားဝယ်မြို့၌ မင်္ဂလာလမ်းထပ်ပိုးကတ္တရာလမ်းသစ်ဖွင့်

**ထားဝယ် ဇန်နဝါရီ ၃**

(၆၄)နှစ်မြောက် လွတ်လပ်ရေးနေ့ကို ဂုဏ်ပြုသောအားဖြင့် တနင်္သာရီတိုင်းဒေသကြီး ထားဝယ်မြို့ မင်္ဂလာလမ်း ထပ်ပိုးကတ္တရာလမ်းသစ်ဖွင့်ပွဲကို ဒီဇင်ဘာ ၂၁ ရက် နံနက် ၇ နာရီကကျင်းပရာ မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ အမှုဆောင်အရာရှိ ဒုတိယညွှန်ကြားရေးမှူး ဦးအောင်ကျော်စိုးက လမ်းဖြစ်မြောက်ရေး ဆောင်ရွက်မှုအခြေအနေများကို ရှင်းလင်းတင်ပြပြီး တိုင်းဒေသကြီး ခေတ္တဝန်ကြီးချုပ် ဦးမြတ်ကိုက မင်္ဂလာလမ်းသစ်မှခ်ဦးကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးသည်။

ထို့နောက် မင်္ဂလာလမ်း ထပ်ပိုးကတ္တရာလမ်းသစ်ကို တိုင်းဒေသကြီး စည်ပင်သာယာရေးဝန်ကြီးဌာန ဝန်ကြီး ဦးအောင်ကျော်ကျော်ဦး၊ တိုင်းဒေသကြီး စည်ပင်သာယာရေးအဖွဲ့ညွှန်ကြားရေးမှူး ဦးလှမျိုးနှင့် လမ်းဖြစ်မြောက်ရေးကော်မတီအဖွဲ့မှ ဦးထွန်းထွန်းနိုင်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့ကြသည်။ အဆိုပါလမ်းအား ပြည်သူထည့်ဝင်ငွေ ကျပ် ၈၁ သိန်းနှင့် စည်ပင်သာယာရေးအဖွဲ့မှ ထည့်ဝင်ငွေ ကျပ် ၈၁ သိန်း စုစုပေါင်း ၁၆၂ သိန်းဖြင့်ဆောင်ရွက်ခဲ့ပြီး အရှည်ပေ ၁၆၀၀၊ အကျယ် ၁၄ ပေရှိကြောင်း သိရှိရသည်။ **(၁၅၂)**

## တောင်ကြီးခရိုင်၌ ကျေးရွာပေါင်းစုံ ဘောလုံးပြိုင်ပွဲ ကျင်းပ

**တောင်ကြီး ဇန်နဝါရီ ၃**

၂၀၁၁-၂၀၁၂ခုနှစ် ပအိုဝ်းအမျိုးသားဘောလုံးအဖွဲ့ ဥက္ကဋ္ဌဖလား အကြီးတန်းဘောလုံးပြိုင်ပွဲနှင့် ကျေးရွာပေါင်းစုံ လူသစ်တန်းဘောလုံးပြိုင်ပွဲကို ရှမ်းပြည်နယ်(တောင်ပိုင်း) တောင်ကြီးခရိုင် ကျောက်တစ်လုံးကြီးမြို့နယ်ခွဲ နောင်ဘားကျေးရွာရှိ နောင်ဘားကွင်းတွင် ကျင်းပလျက်ရှိသည်။

ပြိုင်ပွဲကို ၂၀၁၁ ခုနှစ် ဒီဇင်ဘာ ၁၆ ရက်မှ ၂၀၁၂ခုနှစ်ဇန်နဝါရီလ ၈ ရက်အထိ ကျင်းပလျက်ရှိပြီး အကြီးတန်းပြိုင်ပွဲတွင် အသင်း ၁၁ သင်း၊ လူသစ်တန်းပြိုင်ပွဲတွင် အသင်း ၅၃ သင်းဝင်ရောက်ယှဉ်ပြိုင်လျက်ရှိသည်။ မြန်မာ့ဘောလုံးတိုးတက်ရေးကို တစ်ဖက်တစ်လမ်းမှ အထောက်အကူပြုရန်နှင့် ဒေသခံမျိုးဆက်သစ် လူငယ်ဘောလုံးသမားများ ထွက်ပေါ်လာရန် ရည်ရွယ်ကျင်းပသည့် အဆိုပါပြိုင်ပွဲကို နှစ်စဉ်ကျင်းပလျက်ရှိပြီး ဒေသခံဘောလုံးဝါသနာရှင်များ ကွင်းလုံးပြည့် တစ်ခဲနက် အားပေးလျက်ရှိသည်။ ယခုနှစ်ပြိုင်ပွဲတွင် မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်မှ ဒိုင်ကြီးကြပ်တစ်ဦးနှင့် ဒိုင်လူကြီးရှစ်ဦး တာဝန်ထမ်းဆောင်နေကြောင်း သိရှိရသည်။ **(မြန်မာ့အလင်း)**

## ဂုဏ်ပြုဆုချီးမြှင့်

**ရန်ကုန်တောင်ပိုင်းခရိုင် (၆၄)နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် သားကောင်းမိခင်နှင့် ကလေးပြိုင်ပွဲကို ဒီဇင်ဘာ ၃၀ ရက်က သန်လျင်မြို့ ရှင်စောပုခန်းမ၌ ကျင်းပရာ ဆုရရှင်သွေးငယ်များအား ခရိုင်မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဒေါ်ဥမ္မာနေထွန်း ဂုဏ်ပြုဆုချီးမြှင့်စဉ်။** (၀၄၉)

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတက

## သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်များ၊ ဂုဏ်ထူးဆောင်ဘွဲ့၊ ဂုဏ်ထူးဆောင်တံဆိပ်များ အပ်နှင်းသည့် အမိန့်ကြော်ငြာစာများ ထုတ်ပြန်

**နေပြည်တော် ဇန်နဝါရီ ၄**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတက ဆရာတော်ကြီးများ၊ ဂန္ထဓုရပရိယတ္တိဝန်ဆောင် စာချဆရာတော်များ၊ ဝိပဿနာဓုရပဋိပတ္တိဝန်ဆောင် ကမ္မဋ္ဌာန်းနည်းပြဆရာတော်များ၊ နယ်လှည့်ဓမ္မကထိကနှင့် ပြည်တွင်းပြည်ပ သာသနာပြုပုဂ္ဂိုလ်များ၊ ဗုဒ္ဓသာသနာတော်ကို ပစ္စည်းလေးပါးတို့ဖြင့် ထူးခြားစွာ ထောက်ပံ့လှူဒါန်းနေကြသည့် ပုဂ္ဂိုလ်များအား သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်များကို ဆက်ကပ်လှူဒါန်းအပ်နှင်းသည့် အမိန့်ကြော်ငြာစာအမှတ် (၁/၂၀၁၂)ကိုလည်းကောင်း၊ ဂုဏ်ထူးဆောင်ဘွဲ့များ၊ ဂုဏ်ထူးဆောင်တံဆိပ်များအပ်နှင်းသည့် အမိန့်ကြော်ငြာစာအမှတ် (၂/၂၀၁၂)ကိုလည်းကောင်း၊ မြန်မာနိုင်ငံစစ်မှုထမ်းသင်္ဂဟတံဆိပ် ချီးမြှင့်အပ်နှင်းသည့် အမိန့်ကြော်ငြာစာအမှတ် (၃/၂၀၁၂)ကိုလည်းကောင်း၊ စစ်မှုထမ်းကောင်းတံဆိပ်အပ်နှင်းသည့် အမိန့်ကြော်ငြာစာအမှတ် (၄/၂၀၁၂)ကိုလည်းကောင်း၊ ပြည်သူ့ဝန်ထမ်းကောင်းတံဆိပ်အပ်နှင်းသည့် အမိန့်ကြော်ငြာစာအမှတ် (၅/၂၀၁၂)ကိုလည်းကောင်း၊ ရဲမှုထမ်းကောင်းတံဆိပ်အပ်နှင်းသည့် အမိန့်ကြော်ငြာစာအမှတ် (၆/၂၀၁၂)ကိုလည်းကောင်း၊ နိုင်ငံတော်ရဲမှုထမ်းတံဆိပ်အပ်နှင်းသည့် အမိန့်ကြော်ငြာစာအမှတ် (၇/၂၀၁၂)ကိုလည်းကောင်း၊ ပြည်သူ့ဝန်ထမ်းတံဆိပ်နှင့် ငြိမ်ဝပ်ပိပြားရေးနှင့်တရားဥပဒေစိုးမိုးရေးတံဆိပ်အပ်နှင်းသည့် အမိန့်ကြော်ငြာစာအမှတ်(၈/၂၀၁၂)ကိုလည်းကောင်း ၂၀၁၂ ခုနှစ် ဇန်နဝါရီ ၄ ရက် (၆၄)နှစ်မြောက် လွတ်လပ်ရေးနေ့ (ယနေ့)တွင် ထုတ်ပြန်ကြေညာလိုက်သည်။ **(သတင်းစဉ်)**

## ပထမအကြိမ် ပြည်သူ့လွှတ်တော် တတိယပုံမှန်အစည်းအဝေးကျင်းပရန်ခေါ်ယူ

**နေပြည်တော် ဇန်နဝါရီ ၃**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပြည်သူ့လွှတ်တော်က ကြေညာချက်အမှတ်(၁/၂၀၁၂)ကို ယနေ့ရက်စွဲဖြင့် ထုတ်ပြန်ကြေညာလိုက်သည်။

အဆိုပါ ကြေညာချက်အပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်သည် -

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**ပြည်သူ့လွှတ်တော်**

**ကြေညာချက်အမှတ်(၁/၂၀၁၂)**

**၁၃၇၃ ခုနှစ်၊ ပြာသိုလဆန်း ၁၀ ရက်**
**(၂၀၁၂ ခုနှစ်၊ ဇန်နဝါရီလ ၃ ရက်)**

**ပထမအကြိမ် ပြည်သူ့လွှတ်တော်**
**တတိယပုံမှန်အစည်းအဝေးကျင်းပရန် ခေါ်ယူခြင်း**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၁၂၆ နှင့် ပြည်သူ့လွှတ်တော်ဆိုင်ရာ ဥပဒေပုဒ်မ ၃၄ တို့အရ ပထမအကြိမ် ပြည်သူ့လွှတ်တော် တတိယပုံမှန်အစည်းအဝေးကို နေပြည်တော်၌ ၁၃၇၃ ခုနှစ်၊ တပို့တွဲလဆန်း ၃ ရက် (၂၀၁၂ ခုနှစ်၊ ဇန်နဝါရီလ ၂၆ ရက်) ကြာသပတေးနေ့၊ နံနက် ၁၀း၀၀ နာရီအချိန်တွင် စတင်ကျင်းပရန်ခေါ်ယူကြောင်း ကြေညာလိုက်ပါသည်။

**(ပုံ)သူရရွှေမန်း**
**ဥက္ကဋ္ဌ**
**ပြည်သူ့လွှတ်တော်**

## ပထမအကြိမ် အမျိုးသားလွှတ်တော် တတိယပုံမှန်အစည်းအဝေးကျင်းပရန်ခေါ်ယူ

**နေပြည်တော် ဇန်နဝါရီ ၃**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် အမျိုးသားလွှတ်တော်က ကြေညာချက်အမှတ်(၁/၂၀၁၂)ကို ယနေ့ရက်စွဲဖြင့် ထုတ်ပြန်ကြေညာလိုက်သည်။

အဆိုပါ ကြေညာချက်အပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်သည် -

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**အမျိုးသားလွှတ်တော်**

**ကြေညာချက်အမှတ်(၁/၂၀၁၂)**

**၁၃၇၃ ခုနှစ်၊ ပြာသိုလဆန်း ၁၀ ရက်**
**(၂၀၁၂ ခုနှစ်၊ ဇန်နဝါရီလ ၃ ရက်)**

**ပထမအကြိမ် အမျိုးသားလွှတ်တော်**
**တတိယပုံမှန်အစည်းအဝေးကျင်းပရန် ခေါ်ယူခြင်း**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၁၅၅ နှင့် အမျိုးသားလွှတ်တော်ဆိုင်ရာ ဥပဒေပုဒ်မ ၃၄ တို့အရ ပထမအကြိမ် အမျိုးသားလွှတ်တော် တတိယပုံမှန်အစည်းအဝေးကို နေပြည်တော်၌ ၁၃၇၃ ခုနှစ်၊ တပို့တွဲလဆန်း ၃ ရက် (၂၀၁၂ ခုနှစ်၊ ဇန်နဝါရီလ ၂၆ ရက်) ကြာသပတေးနေ့၊ နံနက် ၁၀း၀၀ နာရီအချိန်တွင် စတင်ကျင်းပရန်ခေါ်ယူကြောင်း ကြေညာလိုက်ပါသည်။

**(ပုံ)ခင်အောင်မြင့်**
**ဥက္ကဋ္ဌ**
**အမျိုးသားလွှတ်တော်**

## မြန်မာ့အလင်း (၆၄)နှစ်မြောက် လွတ်လပ်ရေးနေ့ ဂုဏ်ပြု



☆ မြန်မာအစိုးရသစ်အနေဖြင့် သက်တမ်း(၈)လခန့်ကာလအတွင်း သွက်လက်တက်ကြွ၍ ရှေ့သို့မျှော်မြင်သော နိုင်ငံခြားဆက်ဆံရေးမူဝါဒတစ်ရပ်ကို အောင်မြင်စွာ ကျင့်သုံးနိုင်ခဲ့ပြီး ကမ္ဘာ့နိုင်ငံများ၏ အသိုက်အဝန်းတွင် မြန်မာနိုင်ငံအတွက် ထိုက်တန်သော နေရာတစ်နေရာ ပြန်လည်ရရှိနိုင်ရေးအတွက် မှန်ကန်သောခြေလှမ်းများ စတင်လျှောက်လှမ်းနိုင်ခဲ့ပြီဖြစ်သည်။ ခရီးမိုင်တစ်ထောင်အတွက် အရေးအကြီးဆုံးမှာ ပထမခြေလှမ်းပင်ဖြစ်သည်ဟု ဆိုရိုးရှိသည့်အတိုင်း မြန်မာနိုင်ငံ၏ ပြုပြင်ပြောင်းလဲရေးလုပ်ငန်းများအတွက် အရေးအကြီးဆုံးမှာ လမ်းကြောင်းမှန်ပေါ်၌ ရှုန်းထားမှန်မှန်ဖြင့် လျှောက်လှမ်းနိုင်ခြင်းပင် ဖြစ်ပေလိမ့်မည်။

**ရန်ကြီးအောင်၏ ဆောင်းပါး စာ-၈၊ ၉၊ ၁၀**

☆ လွတ်လပ်ပျော်ရွှင် အောင်ပွဲဆင် **မြင်းမူမောင်နိုင်မိုး၏ ကဗျာ စာ-၁၀**

မြင့်မောင်စိုး - စစည်းသည်

## ချယ်လ်ဆီး၊ ဆွမ်ဆီး၊ စတုတ်နှင့် နော့ဝှစ် အဝေးကွင်းပြိုင်ပွဲများ အနိုင်ရရှိ



**လန်ဒန် ဇန်နဝါရီ ၃**

အင်္ဂလိပ် ပရီမီယာလိဂ် ပွဲစဉ် (၂၀) ဘောလုံး ပြိုင်ပွဲများကို ဇန်နဝါရီ ၂ ရက် ညပိုင်းက ယှဉ်ပြိုင်ကစားကြရာ ချယ်လ်ဆီး**(အပေါ်ပုံ)**၊ ဆွမ်ဆီး၊ စတုတ်နှင့် နော့ဝှစ်အသင်းတို့ ပြိုင်ဘက်အသင်းများကို အဝေးကွင်းပွဲများ၌ အနိုင်ရရှိသွားကြသည်။ *စာမျက်နှာ ၇ ကော်လံ ၁* ✻